ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ စနေနေ့၊ (17-7-2010) (၆၄၆၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဓမ္မ က လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒမာလာ က လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလာဘိဝံသ ကလည်းကောင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့✻**

ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၈၂/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပွဲစားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ အမှတ်(၄၁၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)**အား ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)၏ မှတ်ပုံတင်အမှတ်မှာ(၃၉) ဖြစ်ပါသည်။

အမိန့်အရ

(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၆

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့ တည်ထောင်လိုသော ပါတီ၏အမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ဆက်လက်လျှောက်ထားလျက်ရှိကြရာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party က ၂၀၁၀ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လာရောက်လျှောက်ထားခဲ့သည်။

ယင်းသို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့များအနက် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS)သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်သည်။

မှတ်ပုံတင်ခွင့်ပြု

ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီများအနက် ဒေသဖွံ့ဖြိုးတိုးတက်ရေးပါတီ(ပြည်)သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဇူလိုင် ၁၆ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၄)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ (၃၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၁၆-၇-၂၀၁၀)

ချောင်းဆုံ	၂ ဒသမ ၅၆ လက်မ	
မင်းကင်း	၂ ဒသမ ၂၄ လက်မ	
ဖြူး	၂ ဒသမ ၂၀ လက်မ	
ကလေးဝ	၁ ဒသမ ၉၃ လက်မ	

ယနေ့ ကြေးမုံ သတင်းအညွှန်း

စစ်ကိုင်းတိုင်း မုံရွာမြို့နယ်တွင် ရတနာသီဃ တံတား ချဉ်းကပ်လမ်းလုပ်ငန်း (ကျောက်မြောင်းဘက်ကမ်းဆောင်ရွက်)

(သတင်း)စာမျက်နှာ-၇

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်

(သတင်း)စာမျက်နှာ-၁၀

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ မိတ္ထီလာမြို့တွင် ကျင်းပ

(သတင်း)စာမျက်နှာ-၁၁

ကြေးမုံ The Mirror

၁၇-၇-၂၀၁၀
(စနေနေ့)

ပြည်တွင်း ပြည်ပ စားသုံးမှု ဈေးကွက်ဝင် ရေချို ရေငန် ငါး ပုစွန်ထုတ်လုပ်မှု မြှင့်တင်

ကမ္ဘာတစ်ဝန်း တိုးတက်လာသော လူဦးရေအတွက် သားငါးရိက္ခာ လုံလုံလောက်လောက်ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်လာသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းများကိုသာမက ရေချို ရေငန် ငါးမွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်လာလျက်ရှိသည်။

အာရှဒေသတွင် အများအားဖြင့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွစသည့် အသီးအရွက်စား ငါးများ၊ ကျောက်ငါး၊ ကကတစ်၊ ငါးတန်၊ ငါးခူစသည့် အသားစားငါးများနှင့် တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးခုံးမစသည့် အစုံစားငါးမျိုးများ၊ ရေချို ရေငန်၊ ပုစွန်၊ ကဏန်းများကို မွေးမြူထုတ်လုပ်နေကြပြီ။

မြန်မာနိုင်ငံတွင် မြစ်ချောင်းများ၊ မြစ်လက်တက်ရေပြင်ကျယ်များနှင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ ရေချို ရေငန်၊ ငါး၊ ပုစွန်များကြွယ်ဝသည်။ ရေချိုငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးနှင့် ပင်လယ်ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာမှုနှင့်အတူ စီးပွားရေးအကျိုးဖြစ်ထွန်းမှု ပိုမိုရရှိလာမည်ဖြစ်သည်။

ယခုအခါ ငါးမွေးမြူရေးကန်ပေါင်း ဧကနှစ်သိန်းကျော်နှင့် ပုစွန်မွေးမြူရေးကန်ပေါင်း ဧကနှစ်သိန်းကျော်ရှိရာ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသည့်ရေချို ရေငန်၊ ငါး၊ ပုစွန်များကို ပြည်ပသို့တင်ပို့နိုင်လျက်ရှိသည်။ ခေတ်မီ ငါးမွေးမြူရေးနည်းစနစ်များဖြင့် အဆင့်မြှင့်တင်ကြိုးပမ်းနေကြပြီ။ ငါးမွေးမြူရေးကန်သန့်ရှင်းရေး၊ ငါးအစားအစာ အရည်အသွေးကောင်းမွန်ရေး၊ ငါးမျိုးကောင်းမျိုးသန့် ငါးသားပေါက်များ ထုတ်လုပ်မွေးမြူရေး ဂရုပြုလုပ်ကိုင်နေကြသဖြင့် ကြီးထွားနှုန်းကောင်းသော ငါးများပေါက်ပွား ရရှိနေကြပြီ။

ထို့နည်းတူ ရေချို ရေငန် ပုစွန်များကိုလည်း သဘာဝအလျောက်ဖမ်းယူရရှိသည့် ကြီးထွားနှုန်းကောင်းသော ပုစွန်မျိုးစိတ်များ၊ သဘာဝပင်လယ်ပြင်မှ ရောဂါကင်းစင်သည့် ကြီးထွားနှုန်းကောင်းသော ပုစွန်မျိုးစိတ်ကောင်းများကို မျိုးအဖြစ် အသုံးပြု မွေးမြူလျက်ရှိသည်။ အလားတူ ကဏန်း၊ ကင်းပုစွန်နှင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်လျက်ရှိရာ အောင်မြင်မှုရရှိနေကြသည်။

မြန်မာ့ ရေချို ရေငန်၊ ငါး၊ ပုစွန်များသည် ပြည်တွင်းပြည်ပဈေးကွက်ရှိပြီး ဝယ်လိုအားကောင်းမွန်နေသည်။ နိုင်ငံတော်က ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စေရန် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မျိုးကောင်းမျိုးသန့် ငါး၊ ပုစွန်များကို ခေတ်မီနည်းစနစ်များ အသုံးပြုမွေးမြူခြင်း၊ အဆင့်မြင့်မွေးမြူရေးပညာများဖြန့်ဝေခြင်း၊ ပုစွန်တိုးချဲ့မွေးမြူရေးစီမံကိန်းများတွင် ဟန်ချက်ညီညီ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုအောင်မြင် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဇော်မင်းအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundar-arajan Seshadri သည် ဇူလိုင် ၁၄ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဖခင်ကြီး ဗိုလ်မှူးအေးကြည် (ငြိမ်း) လေးနှစ်ပြည့်အား ရည်စူး၍ အမှတ်တရဒါနအဖြစ် သီတာလမ်း ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်မြို့နေ ကိုရဲမြင့်အောင်၊ မမဥ္ဇူ (ကိုစိုးမြင့်အောင်)၊ မချယ်ရီ ကိုကျော်သူရအောင် မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘညာဏ် လက်ခံစဉ်။

(သတင်းစဉ်)

သဘာဝကယ်လ်ဆီယမ် Ozical (Australia) တင်သွင်းဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၆

ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ အရိုးပွရောဂါခံစားနေရသော သွေးဆုံးပြီး အမျိုးသမီးများ၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးဆဲကလေးငယ်များနှင့် ကျန်းမာသန့်စွမ်းသော အရိုးနှင့် သွားများအတွက် လိမ္မော်အရသာနှင့် ဝါးစားနိုင်သည့် ဩစတြေးလျနိုင်ငံထုတ် ထူးခြားသော ကယ်လ်ဆီယမ် Ozical ဆေးပြားကို Zifam. Pty. Ltd. က တင်သွင်းဖြန့်ချိလျက်ရှိသည်။

သဘာဝအရင်းအမြစ်မှ ထုတ်လုပ်သည့် ကယ်လ်လီယမ်နှင့် လူတို့ပြုပြင်ဖန်တီးထုတ်လုပ်သည့် Synthetic ကယ်လ်ဆီယမ်များဟူ၍ နှစ်မျိုးရှိရာ Synthetic ကယ်လ်ဆီယမ်များသည် ခန္ဓာကိုယ်ထဲတွင် ကယ်လ်ဆီယမ်ဓာတ်ကို စုပ်ယူရာတွင် သဘာဝ ကယ်လ်ဆီယမ်များကဲ့သို့ စုပ်ယူမှု စွမ်းအားမကောင်းခြင်းကြောင့် လိုအပ်သော ကယ်လ်ဆီယမ်ပမာဏကို အတိအကျ မရရှိနိုင်ပါ။

ထို့အပြင် ကာဗွန်ဒြပ်ပေါင်းများ ပါဝင်သည့် Synthetic ကယ်လ်ဆီယမ်များသည် အစာမကြေခြင်း၊ လေပွခြင်း၊ လေထိုးခြင်း၊ အောင့်ခြင်းစသည့် ဘေးထွက်ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။

Calcium Hydroxyapatite သည် ခန္ဓာကိုယ်၏ အရိုးများထဲတွင် သဘာဝအတိုင်းတွေ့ရှိနိုင်သည့် ကယ်လ်ဆီယမ် ဒြပ်ပေါင်းဖြစ်ပြီး ကယ်လ်လီယမ်နှင့် ဖော့စဖရပ်စ် ၂း၁ ပေါင်းစပ်ထားသည်။ ကယ်လ်ဆီယမ်အားဆေးများတွင် Calcium Hydroxyapatiteသည် ခန္ဓာကိုယ်မှ စုပ်ယူစွမ်းအား အကောင်းဆုံးဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ကယ်လ်ဆီယမ်ဓာတ်ကို အပြည့်ဝဆုံး ပြန်လည်ဖြည့်တင်းပေးနိုင်သည်။

Australia နိုင်ငံမှ ထုတ်လုပ်သည့် Ozical သည် Calcium Hydroxya-patite 600 mg ပါဝင်သော စုပ်ယူမှု အကောင်းဆုံးသော ကယ်လ်ဆီယမ် အားဆေးဖြစ်ပြီး သဘာဝနွားနို့မှ ထုတ်လုပ်ထားသည်။ Ozical တွင် ကယ်လ်ဆီယမ် စုပ်ယူမှုကို အားပေးသော Vitamin D3 50 I.U လည်း ထည့်သွင်းထားသည်။ Australia နိုင်ငံ Therapeutic Goods Administration(TGA) အဖွဲ့အစည်းမှ အရည်အသွေးအသိအမှတ်ပြု လက်မှတ်ရရှိထားသည်။ Ozical ကယ်လ်ဆီယမ် အားဆေးသည် လိမ္မော်အရသာရှိပြီး ဝါးစားနိုင်သည့် ဆေးပြားအဖြစ် ထုတ်လုပ်ထားသည့်အတွက် ဆေးသောက်ကြောက်သူများနှင့် ကလေးငယ်များအတွက် သင့်လျော်သည်။

ကယ်လ်ဆီယမ် Ozical ဆေးပြားကို Zifam .Pty. Ltd အမှတ်(၀၁၀၃) ဒဂုံတာဝါ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၈၂၄၈၊ ၀၁-၅၄၄၄၆၇နှင့် ၀၁-၅၅၈၉၅၀၊ မန္တလေးမြို့ ချမ်းအေးသာစံ အမှတ်(၅-ဘီ) ၃၀နှင့် ၃၁ လမ်းကြား ၇၇နှင့် ၇၈ လမ်းကြား ဖုန်း -၀၂-၃၁၇၀၆တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၀) စာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၁၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေသော "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၀)" စာအုပ်ကို ထုတ်ဝေလိုက်သည်။

၎င်းစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းဖြစ်စဉ်များ၊ ပထဝီဆိုင်ရာ အချက်အလက်များ၊ ၂၀၁၀ ခုနှစ်အတွင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့သည့် ဥပဒေများ၊ ၂၀၁၀ခုနှစ်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် အမိန့်ကြော်ငြာစာများနှင့် ကြေညာချက်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်း၊ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရသည့် အဖွဲ့များ၏ ခွင့်ပြုရက်စွဲနှင့် မှတ်ပုံတင်အမှတ်၊ တပ်မတော်ဆိုင်ရာနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဘာသာရေးနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ NGO အဖွဲ့အစည်းများဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အကျယ်အဝန်း၊ ထုထည်၊ အလေးချိန်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့မှ ခေါ်ယူသော ပြန်တမ်းဝင်အရာရှိ ရာထူးအတွက် လူတွေ့စစ်ဆေးခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ပြည်နယ်နှင့် တိုင်းအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းများ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် စုစည်းဖော်ပြထားသည်။ ၎င်းစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုကြမည့်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် မသိမဖြစ်သိရမည့်အချက်များကို စုစည်းဖော်ပြထားသဖြင့် အိမ်တိုင်းလူတိုင်းက လက်ကိုင်ပြုရမည့် စာအုပ်ဖြစ်သည်။

၎င်းစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်၊ အမေ့အိမ်စာအုပ်ဆိုင်၊ မြင့်မိုရ်(၁) စာအုပ်ဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထက(၂) ခန်းမ၌ ဇူလိုင် ၁၃ ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်မောင်အေး အသိပညာပေးဟောပြောစဉ်။ (ကြေးမုံ)

စုပေါင်းသစ်ပင်စိုက်ပျိုး

ဇူလိုင် ၁၂ရက်က ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင် စိုက်ပျိုးကြစဉ်။ (ကြေးမုံ)

*ရှေ့ဖုံးမှ

ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် သတ္တမ (လေးလပတ်) နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ ရွေးချယ်လျာထားအတည်ပြုပင့်ဆောင်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားကြပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တမာနိတသိရီဘိဝံသက အတည်ပြုချက် ရယူတော်မူသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြသည်။ ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက "ဇယန္တောဗောဓိယာမူလေ" အစချီနှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး မွန်းလွဲပိုင်းတွင် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကောဒသမ အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကောဒသမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန် ရွှေကျောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမများက တစ်နေ့တာဆွမ်း၊ ခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

ကောဒသမအစည်းအဝေး

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကောဒသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်အောင်အေး ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကော်မရှင်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (ရန်ကုန်တိုင်းတာဝန်ခံ) ဒေါက်တာတင်အောင်အေးသည် ဇူလိုင် ၁၄ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင်(သန်လျင်)သို့ ရောက်ရှိပြီး ရန်ကုန်တိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကိုကို၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များလိုက်ပါလျက် သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ အမှုထမ်းရပ်ကွက်နှင့် ကရင်ဆိပ်ကျေးရွာအုပ်စု၊ သုံးခွမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ သိုက်တူးကန်ကျေးရွာအုပ်စုနှင့် ပတုတ်ကြီးကျေးရွာအုပ်စု၊ ခရမ်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး အမှတ်(၃) အမှတ်(၅) မြို့လှရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကော်မရှင် အဖွဲ့ခွဲရုံး၊ အုန်းပင်စု၊ ကျွန်းတောရပ်ကွက်၊ ကံဘဲ့ကျေးရွာအုပ်စု၊ ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု၊ နတ်စင်ကုန်းကျေးရွာအုပ်စု၊ မြို့သစ်ရပ်ကွက်၊ ကွမ်းခြံကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ အင်္ဂလုံးကျေးရွာအုပ်စု၊ ဒေးဒနောကျေးရွာအုပ်စု၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ ဒလမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး၊ ကမာကသွယ်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးများသို့ ကွင်းဆင်းပြီး ရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မဲရုံများ ဆောက်လုပ်ရန် လျာထားသည့် အဆောက်အအုံများ၊ မဲရုံ မြေနေရာများ၊ နမူနာဆောက်လုပ် ပြသထားသည့် မဲရုံများနှင့် မဲဆန္ဒပေးခြင်း၊ သရုပ်ပြခြင်းတို့ကို လည်းကောင်း၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု ရွေး ကောက် ပွဲ ကော် မ ရှင် အ ဖွဲ့ ဝင် (ရန် ကုန် တိုင်း တာ ဝန် ခံ) ဒေါက် တာ တင် အောင် အေး ရန် ကုန် တောင် ပိုင်း ခ ရိုင် သန်လျင်မြို့နယ် ကော် မ ရှင် အ ဖွဲ့ ခွဲ ရုံး တွင် ကြည့်ရှုစစ်ဆေး စဉ်။
(ခရိုင်ပြန်/ဆက်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ အမှတ်(၃) ယာဉ်ထိန်းနယ်မြေမှူး ဒုရဲမှူး မြင့်အောင်နှင့် အဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ မီးသတ်ဦးစီးဌာနၣ ဖွင့်လှစ်သည့် မီးသတ်တပ်ဖွဲ့ ယာဉ်မောင်းသင်တန်း အမှတ်စဉ် (၂၆)ရှိ သင်တန်းသားတပ်ဖွဲ့ဝင် ၃၀ တို့အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

အလိမ္မာ စာမှာရှိ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"ဆရာတော်အရှင်ဇဝန (မေတ္တာရှင်) ဟောကြားတော်မူသော"တရားတော်
၆း၄၀	သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (ခရေမူကြိုမှ Children's Museum ဖွင့်ပွဲ)
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၉)**
၈း၃၀	Sports World(Global Football)
၈း၄၅	အဆင့်မြင့်ခေတ်မီသီရိမင်္ဂလာ ဈေးသစ်ကြီးဆီသို့
၉း၀၀	နွေးထွေးမှုများ လွှမ်းခြုံထားတာ တိုင်းရောဝတီကျိုက်လတ်မှာ
၉း၁၅	မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ
၉း၄၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၁း၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူရေး လုပ်ငန်း)
၁၁း၂၅	သွားမယ်စားမယ်(1Two 4)
၁၁း၅၅	ချင်းပြည်နယ်မှ ရောင်စုံပန်းကလေးများအတွက် မြိုင်ပရဟိတစာသင်တိုက်
၁၂း၁၀	သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၁၂း၃၀	မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၆) (ဦးခေါင်းနှင့်လည်ပင်းပိုင်း ကင်ဆာများ)
၁း၀၀	"ဆရာတော်အရှင်ဇဝန (မေတ္တာရှင်) ဟောကြားတော်မူသော"တရားတော်
၁း၄၀	သဘာဝတရားတို့ဖြစ်တည်ရာ နာဂစကြာလိုဏ်ဂူတော်မဟာ
၂း၀၀	MRTV-4 သတင်း
၂း၄၅	Zaw Win Htut Emperor 25th Anniversary Live Show (Part-2)
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၉)**
၄း၂၀	ချင်းပြည်နယ်မှ ရောင်စုံပန်းကလေး များအတွက် မြိုင်ပရဟိတ စာသင်တိုက်
၄း၃၅	နွေးထွေးမှုများ လွှမ်းခြုံထားတာ တိုင်းရောဝတီကျိုက်လတ်မှာ
၅း၀၀	မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ
၅း၂၅	အဆင့်မြင့်ခေတ်မီသီရိမင်္ဂလာ ဈေးသစ်ကြီးဆီသို့
၅း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Congratulation ပါ Blazon)
၆း၀၀	MRTV-4 သတင်း
၆း၂၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၅၀	ရန်ကုန်မြင်ကွင်းကျယ် (ခရေမူကြိုမှ Chikdren's Museum ဖွင့်ပွဲ)
၇း၀၀	Zaw Win Htut Emperor 25th Anniversary Live Show (Part-2)
၈း၀၀	MRTV-4 သတင်း
၈း၃၀	စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၉း၀၅	သွားမယ်စားမယ်(1Two 4)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၉)**
၁၀း၀၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၆) (ဦးခေါင်းနှင့်လည်ပင်းပိုင်း ကင်ဆာများ)
၁၀း၂၅	ဂီတသရုပ်ပြခန်း(Ninec)
၁၀း၄၅	Shooting Making (မိုးကျရွှေကိုယ်)
၁၁း၀၅	ရန်ကုန်မြင်ကွင်းကျယ် (Congratulation ပါ Blazon)
၁၁း၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ပင်လယ်ရေမှော်စိုက်ပျိုးမွေးမြူရေး လုပ်ငန်း)
၁၁း၄၅	စီးဆင်းပါစေ မေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၁၁း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထားကြောင်း သတိပေးနှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၁၆

ဧရာဝတီမြစ်ကူး ဧရာဝတီတံတား(မကွေး) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့်(၂) အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိပြီး ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၆ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃)အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင် အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားသည်။ မဝင်ရမည့် ဝင်ပေါက်တွင် အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ(၆)၊ အမှတ်(၁) ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၆

ကမ္ဘာ့ဖလားဘောလုံးပွဲ အနိုင်အရှုံးကိုစွ မပြောခဲ့ဘဲ ပြောသယောင် ဂျာနယ်တစ်စောင်ကရေးသားမှုကို ဆရာစံဇာဏီဘိုက တုံ့ပြန်၊ ဈေးကစားသည့် ကုန်စည်ဒိုင်များကို အရေးယူမည်၊ ပိုလျှံဆန်များကိုသာ ပြည်ပတင်ပို့ခွင့်ရှိ၊ ဘူးသီးတောင်-မောင်တောကားလမ်းပြင်ဆင်မှုပြီးတော့မည်၊ မန္တလေးတက္ကသိုလ်ဝင်ခွင့်ရမှတ်အလိုက် ဝင်ရမည့်တက္ကသိုလ်များ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို MIDB (စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်)က ငွေထုတ်ချေးမည်၊ ခွေးမကြီးနို့ကို ကျားကလေးတွေစို့သည့်အဖြစ်ဆန်း၊ လိုင်စင်မဲ့ဆိုင်ကယ်များကို ရပ်ကွက်ထဲထိ လိုက်ဖမ်းမည်၊ ဇီဝိတဒါနသံဃာ့ဆေးရုံမှာ မျက်စိအတုတပ်ဆင်ပေးနေ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ အတ္ထုပ္ပတ္တိ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိအကျဉ်း၊ ဗိုလ်ချုပ်အောင်ဆန်းအိမ်မြင်ကွင်းအမှတ်တရ၊ မြန်မာသင်္ဘောသား ၂၂ ဦးပါဝင်သည့် Eastern Honesty သင်္ဘောနှင့် ပျောက်ဆုံးနေသူ အခြေအနေ၊ ငါးသိန်းတန်ဖုန်းကို မိုဘိုင်းဖုန်းအဖြစ် ရန်ကုန်မြို့အနှံ့ အသုံးပြုနိုင်ပြီ၊ ပဲကုန်သည်များ၏ အခက်အခဲ၊ ဆရာဒဂုန်တာရာ၊ ဆရာပါရဂူ၊ ဆရာအံ့မောင်၊ ဆရာလူထုစိန်ဝင်းတို့၏ အမှတ်တရစကားများ၊ ဇင်ယော်နီ၏ပရိသတ်အတွက် ကံကောင်းခြင်းလက်ဆောင်၊ ဝါဆိုသင်္ကန်းများ ရောင်းအားတက်၊ မေတ္တာနှောင်ကြိုးဇာတ်လမ်းမှ ကိုရီးယားသရုပ်ဆောင် အိုဂျီအို၊ ရှန်ဟိုင်းရုပ်ရှင်ပွဲတော်ကိုသွားတဲ့ ပက်ရှီဟို၊ မောင်သန်းဆွေ(ထားဝယ်)၏ ချစ်ရေးမညီသည့်မေရီမိဖုရား၊ တစ်နှစ်ကျော်ကြာပျောက်ဆုံးနေသည့် အီရန်နျူကျွမ်းကျင်ပညာရှင်၏ အမေရိကန်နှင့် အီရန်ကြားမှ လျှို့ဝှက်ဇာတ်လမ်း၊ အမေရိကန်နှင့် တောင်ကိုရီးယား စစ်ရေးလေ့ကျင့်မည်စသည့် သတင်းများနှင့် News Watch (စောင့်ကြည့်)ဂျာနယ် ထုတ်ဝေဖြန့်ချိလိုက်သည်။ (သတင်းစဉ်)

အိန္ဒိယနှင့်ပါကစ္စတန် ယုံကြည်မှုပြန်လည်တည်ဆောက်ရန်ကြိုးစားနေ

အစ္စလာမ္မာဘတ် ဇူလိုင် ၁၆

လွန်ခဲ့သောနှစ်နှစ်နီးပါးက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တော်ကို အကြမ်းဖက်သမားများကတိုက်ခိုက်သဖြင့် ၁၆၆ ဦး သေဆုံးပြီးနောက် ပျောက်ဆုံးသွားသည့် ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရန် နှင့်တင်းမာနေသော နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်လာစေရန် ရည်ရွယ်ချက်တို့ဖြင့် ပါကစ္စတန်နှင့်အိန္ဒိယတို့သည် အဆင့်မြင့်ဆွေးနွေးပွဲများကျင်းပခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ရှားမာမွတ်ကူရီရှီနှင့် ကြာသပတေးနေ့၌ တွေ့ဆုံဆွေးနွေးခဲ့သော အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးအက်စ်အမ်ကရစ်ရှ်နား၏ အလည်အပတ်ခရီးစဉ်မှ ဆိုစမှတ်ပြုလောက်သည့် တိုးတက်မှု ပေါ်ထွက်လာမည်ဟု လေ့လာဆန်းစစ်သူများက မမျှော်လင့်ကြပေ။

၂၀၀၈ ခုနှစ် နိုဝင်ဘာတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးကတည်းက ကရစ်ရှ်နားသည် ပါကစ္စတန်သို့လာရောက်ခဲ့သောအဆင့်မြင့်ဆုံး အိန္ဒိယတာဝန်ရှိသူတစ်ဦး ဖြစ်သည်။ ထိုနိုဝင်ဘာတိုက်ခိုက်မှုသည် ပါကစ္စတန်အခြေစိုက် စစ်သွေးကြွတို့၏ လုပ်ရပ်ဖြစ်သည်ဟု အိန္ဒိယက ပြောဆိုထားခဲ့သည်။

အလေးအနက်ပြောကြား

တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်သော လက်စ်ကာအီးတိုင်ဘာ စစ်သွေးကြွအုပ်စုကို ထိရောက်စွာနှိမ်နင်းရန် ပါကစ္စတန်က စိတ်မပိုင်းဖြတ်သေးသမျှ နှစ်နိုင်ငံဆက်ဆံရေးမှာ အစစ်အမှန် တိုးတက်မှုရှိလာမည်မဟုတ်ကြောင်း အိန္ဒိယက အလေးအနက် ပြောကြားခဲ့သည်။

အကူအညီပေးခဲ့

ကက်ရှ်မီးယားနယ်မြေအငြင်းပွားမှုနှင့် စပ်လျဉ်း၍ အိန္ဒိယကို ဖိအားပေးရန် ရည်ရွယ်၍လွန်ခဲ့သည့်အနှစ်၂၀နီးကျင်က လက်စ်ကာအီးတိုင်ဘာအဖွဲ့ကို ထူထောင်ရာတွင် ပါကစ္စတန်က အကူအညီပေးခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ဖိအားပေးမှုကြောင့် ၂၀၀၂ ခုနှစ်တွင် ယင်းအဖွဲ့ကို ပါကစ္စတန်အစိုးရကပိတ်ပင်ခဲ့သည်။ သို့သော်လည်း အဆက်အသွယ်ရှိနေဆဲဖြစ်သည်ဟု လေ့လာသူများက ယုံကြည်ကြသည်။ ***အင်တာနက်။***

ကျန်းမာရေးဝန်ထမ်းများ ပြန်ပေးဆွဲခံရကြောင်း အာဖဂန်ကျန်းမာရေးဝန်ကြီးဌာန အတည်ပြုချက်ထုတ်ပြန်

ကဘူး ဇူလိုင် ၁၆

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်တို့ကြီးစိုးရာ ကန်ဒါဟာပြည်နယ်တောင်ပိုင်း၌ ဝန်ထမ်းလေးဦး ပြန်ပေးဆွဲခံခဲ့ရသည်ဟု အာဖဂန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ၎င်းတို့ကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ကန်ဒါဟာမြို့နှင့် မိုင်ဝန်ဒေသကြား၌ ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းက ဆရာဝန်သုံးဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းတစ်ဦး အပါအဝင် ကျန်းမာရေးအဖွဲ့တစ်ဖွဲ့ကို လက်နက်ကိုင်များက ပြန်ပေးဆွဲခဲ့သည်ဟု ပြည်သူ့ကျန်းမာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပြန်ပေးဆွဲခံခဲ့ရသော ဆရာဝန်များက ၎င်းတို့ကိုပြန်လည်လွှတ်ပေးပြီး မိသားစုများနှင့် ဆုံစည်းခွင့်ပေးရန် ပြန်ပေးဆွဲသူများကိုတောင်းဆိုခဲ့ကြသည်ဟု သတင်း၌ဖော်ပြထားသည်။

ကန်ဒါဟာပြည်နယ်တွင် လွန်ခဲ့သောနှစ်နှစ်မှစ၍ တာလီဘန်နှင့်ဆက်နွှယ်သော သောင်းကျန်းမှုများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ တရိပ်ရိပ်တိုးလာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၏နောက်ဆုံးအကျဉ်းစခန်း အီရတ်အုပ်ချုပ်မှုအောက်သို့ လွှဲပေး

ဘဂ္ဂဒက် ဇူလိုင် ၁၆

အမေရိကန်တပ်ဖွဲ့များ၏ထိန်းချုပ်မှုအောက်၌ နောက်ဆုံးအဖြစ်ကျန်ရစ်သည့် အကျဉ်းစခန်းတစ်ခုကို အီရတ်အာဏာပိုင်များလက်သို့ ဇူလိုင် ၁၅ ရက်က ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်တို့၏အုပ်ချုပ်မှုအောက်၌ ကမ့်ပ်ခရော့ပါဟုထင်ရှားခဲ့သော အကျဉ်းစခန်းကို အီရတ်အာဏာပိုင်များက ကာ့ခ်အကျဉ်းထောင်ဟု အမည်ပြောင်းခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

သို့ရာတွင် ကာ့ခ်အကျဉ်းထောင်ရှိ အကျဉ်းသား ၁၅၀၀အနက် ၂၀၀ကို အမေရိကန်နိုင်ငံက ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ကြောင်း အီရတ်ရှိ အမေရိကန် အကျဉ်းထောင်များဆိုင်ရာ အကြီးအကဲကပြောကြားသည်။

ရှိသင့်သည့်အရေအတွက်ထက် အကျဉ်းသားများကို ပိုမိုထားရှိခြင်း၊ အကျဉ်းထောင်များ၏အခြေအနေ ညံ့ဖျင်းခြင်းနှင့် အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရခြင်းတို့ကြောင့် အီရတ်ရှိ အမေရိကန်အကျဉ်းစခန်းများသည် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည်။

ယင်းသို့သောအခြေအနေတွင် ခရော့ပါအကျဉ်းစခန်းကို အမေရိကန်တပ်ဖွဲ့များက အီရတ်အာဏာပိုင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်အာဏာပိုင်များ၏ အုပ်ချုပ်မှုအောက်ပြန်လည်ရောက်ရှိသွားပြီဖြစ်သည့် ကမ့်ပ်ခရော့ပါ အကျဉ်းစခန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ပိုင်း၌ ကွန်ဆန် တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ရသော ဆိပ်ခံတံတားတစ်ခုနှင့် နစ်မြုပ်နေသော သင်္ဘောတစ်စင်းကို ဇူလိုင် ၁၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်မြောက်ပိုင်းရှိဟိုတယ်တစ်ခု မီးလောင်မှုဖြစ်ပွား သေဆုံးသူ ၄၃ ဦးထိတိုးလာပြီး ၂၁ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၁၆

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ်အုပ်ချုပ်ခွင့်ရဒေသ ဆူလိုင်မာနီယတ်မြို့တွင် ဇူလိုင် ၁၆ ရက်က ဟိုတယ်တစ်ခု မီးလောင်မှုဖြစ်ပွားရာသေဆုံးသူစုစုပေါင်း ၄၃ ဦးထိတိုးလာပြီး ၂၁ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပါရှိ

အဆိုပါ မီးလောင်မှုသည် ဆူလိုင်မာနီယတ်မြို့ရှိ ဆိုမာဟိုတယ်၌ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်၌ ဖြစ်ပွားခဲ့ပြီး သေဆုံးသူအများအပြားသည် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှဖြစ်ကြောင်း၊ သေဆုံးသူများအနက် အမေရိကန်လူမျိုးလေးဦးလည်း ပါရှိကြောင်းထည့်သွင်းပြောကြားသည်။

သေကျေဒဏ်ရာရရှိသူ ခြောက်ဦးထက်မနည်းသည် မီးလောင်နေစဉ် ဟိုတယ်၏ လေးထပ်အမြင့်မှ ခုန်ချခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူအများစုသည် မီးခိုးမွန်းကျပ်မှုကြောင့် သေဆုံးခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းမီးလောင်မှုသည် အကြမ်းဖက်တိုက်ခိုက်မှုမဟုတ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့ပြီး လျှပ်စစ်ဓာတ်အား ချွတ်ယွင်းမှုကြောင့် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံမြောက်ပိုင်း ဆူလိုင်မာနီယတ်မြို့ရှိ မီးလောင်မှုဖြစ်ပွားခဲ့သော ဆိုမာဟိုတယ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၁၀ ခုနှစ် ပထမနှစ်ဝက်တွင် ဘရာဇီး၌ အလုပ်အကိုင် ၁ဒသမ၅သန်း ဖန်တီးပေး

ရီယိုဒီဂျနေရိုး ဇူလိုင် ၁၆

၂၀၁၀ ခုနှစ် ပထမနှစ်ဝက်တွင် ဘရာဇီးနိုင်ငံသည် လူဦးရေ ၁ဒသမ ၅သန်းကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း ဘရာဇီးအလုပ်သမားဌာနဝန်ကြီး ခါလိုစ်လူပီက ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

၂၀၀၈ ခုနှစ် ပထမခြောက်လပတ်တွင် လူဦးရေ ၁ ဒသမ ၁သန်းကိုအလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ယင်းအရေအတွက်ထက်ကျော်လွန်၍ ပိုမိုဖန်တီးပေးနိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနက ဇူလိုင် ၁၅ ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။

၂၀၀၉ ခုနှစ် အလားတူကာလတွင် နိုင်ငံတကာဘဏ္ဍာရေးအကျပ်အတည်းကြောင့် ဘရာဇီးနိုင်ငံ၌ လူဦးရေ ၂၉၉၀၀၀အတွက်သာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့သည်။

ဘရာဇီးနိုင်ငံ၏စီးပွားရေးအရ ၂၀၁၀ ခုနှစ်တွင် လူဦးရေ ၂ဒသမ ၅သန်းကို အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ဘရာဇီးအလုပ်သမားဝန်ကြီးက ပြောကြားသည်။

ဘရာဇီးဗဟိုဘဏ်က ယခင်ထုတ်ပြန်သော စာရင်းများအရ နိုင်ငံ၏ စီးပွားရေးမှာ ဆက်လက်တည်ငြိမ်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှား၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ဂျကာတာ ဇူလိုင် ၁၆

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းပြည်နယ် အနောက် နူဆာတန်ဂါရာတွင် ဇူလိုင် ၁၆ ရက်က ရစ်ခ်ျတာစကေး ၅ဒသမ၂အဆင့်ရှိ အင်အားအသင့်အတင့်ငလျင် လှုပ်သွားကြောင်း မိုးလေဝသဌာနက ဖော်ပြသည်။

ဗဟိုပြု

အဆိုပါငလျင်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ရာဘာပြည်နယ်အနောက်တောင်ဘက် ကီလိုမီတာ ၅၀အကွာကို ဗဟိုပြုပြီး ပင်လယ်ပြင်မြေအောက် ၂၅ ကီလိုမီတာအနက်၌ လှုပ်သွားကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ထပ်မံလှုပ်

ယင်းငလျင်လှုပ်၍၁၈မိနစ်ကြာပြီးနောက် ရစ်ခ်ျတာ စကေး ၅ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခု ရာဘာပြည်နယ် အနောက်မြောက်ဘက် ၄၆ ကီလိုမီတာအကွာ၌ ဗဟိုပြုပြီး ပင်လယ်ပြင်မြေအောက် ကီလိုမီတာ၃၀အနက်၌ထပ်မံလှုပ်သွားကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ ၁၀ ဦးသေဆုံးပြီး၂၀ ဒဏ်ရာရ

အစ္စလာမ္မာဘတ် ဇူလိုင် ၁၆

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာလူမျိုးစုဒေသတွင် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ လူ ၁၀ ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိကြောင်း သတင်းများကဖော်ပြသည်။

ခိုင်ဘာလူမျိုးစုဒေသ တီရတ်တောင်ကြားမြို့ ဈေးတစ်ခု၌ နံနက် ၁၁ နာရီခန့်က ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

ဆေးရုံသို့တင်ပို့

ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး မကြာမီတွင် အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာကြောင်း၊ ဒဏ်ရာပြင်းထန်သူများကို ပက်ရှ်ဝါမြို့ ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

ယင်းဗုံးပေါက်ကွဲမှုအတွက် မည်သည့်အဖွဲ့ကမှ ဝေဖန်ပြောကြားခြင်း မရှိချေ။ ယင်းဗုံးပေါက်ကွဲမှုသည် သောကြာနေ့တွင် ဒုတိယအကြိမ်ဖြစ်ပွားသောဗုံးပေါက်ကွဲမှုဖြစ်သည်။ ယင်းနေ့ စောစောပိုင်းက ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း အော်ရတ်ဇိုင်းလူမျိုးစုဒေသ၌ ရဲကားတစ်စီးကို အဝေးထိန်းစနစ်သုံး ဗုံးဖြင့်ဖောက်ခွဲတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ၂၀၁၀ ခုနှစ် တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက် အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ငါးမျိုးစိုက်ထည့်ပေး

နေပြည်တော် ဇူလိုင် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲတို့သို့ တက်ရောက်၍ အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ငါးမျိုးစိုက်ထည့်ပေးသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးကျော်ဆန်းသည် ပြန်ကြားရေးဝန်ကြီးဌာန တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ရတနာတန်းဝင် ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်များစိုက်ပျိုးနေမှုနှင့် ပေါင်းသင်မြေဆွ ပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဝန်ကြီးရုံးမျက်နှာစာရှေ့ရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးသားပေါက်များကို စိုက်ထည့်ပေးသည်။

ထို့နောက် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

အလားတူ တာဝန်ရှိသူများနှင့် ဝန်ထမ်းများကလည်း ဝန်ကြီးရုံးဆည် အမှတ်(၃၈) အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ထို့အတူ နေပြည်တော်တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း နေပြည်တော် ပုံနှိပ်စက်ရုံနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက်တို့၌လည်း ၂၀၁၀ ခုနှစ် တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို အသီးသီးကျင်းပကြရာ ဝန်ထမ်းများ စုပေါင်း၍ သစ်ပင်များကို စိုက်ပျိုးကြသည်။

ယနေ့ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် တတိယပတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း၊ သရက်ပင်နှင့် နှစ်ရှည်စားပင်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးကြရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ကျွန်းပင် ၄၅၀၊ နှစ်ရှည်သီးပင်စားပင်၊ အရိပ်ရလေကာပင် ၁၇၀၀ စုစုပေါင်းအပင် ၂၁၅၀ ကို စိုက်ပျိုးကြပြီး ငါးသားပေါက်ကောင်ရေ ၄၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ယခုနှစ် မိုးရာသီတွင် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်ချ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ သရက်ပင် ၃၄၀၃ ပင်၊ ကျွန်း၊ ပျဉ်းကတိုးနှင့် အရိပ်ရလေကာပင်၊ နှစ်ရှည်သီးပင်စားပင် ၂၆၅၀၀ စုစုပေါင်း ၂၉၉၀၃ ပင် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် လာမည့်အပတ်များတွင်လည်း ဌာနအလိုက် ထပ်မံစိုက်ပျိုးသွားမည် ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးရုံးမျက်နှာစာရှေ့ရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးသားပေါက်များကို စိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် တတိယပတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

နေပြည်တော် ဇူလိုင် ၁၆

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သည့် "ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း" ဖွင့်ပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ နေပြည်တော်ခရိုင် ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးဖေခင်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ဥပဒေအရာရှိ ဦးဖေခင်၊ မြို့နယ်လ. ဝ. က ဦးစီးမှူးနှင့် ကျောင်းအုပ်ဆရာကြီး ဦးဇော်လင်းတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်များ စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ပို့ချပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များမှ မဲရုံခင်းကျင်းသရုပ်ပြ ဆောင်ရွက်ကြသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ၇၇ ဦး တက်ရောက်ကြသည်။ (၁၁၈)

အေးသာယာမြို့သစ်သို့ တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်မည့် နောင်အင်ရေထွက်မှ တိုးချဲ့ရေပေးရေးလုပ်ငန်းဆောင်ရွက်မည့်နေရာနှင့် ရေစုကန်ရေဖြန့်ဝေပိုက်လိုင်းများ ဆောင်ရွက်မည့်အစီအစဉ်များကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အိမ်၊ ရုံး၊ ဟိုတယ်အလှဆင်လိုသူများအတွက် Great Casabella Sales ပွဲတော် ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

Nat Ray Co., Ltd. ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉)မိုင် ပြည်လမ်း အမှတ်(၂၂)ရှိ Casabella Luxury Home Funishing Center ၌ Great Casabella Sales ပွဲတော်ကို ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်၊ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းလျက်ရှိသည်။**(ယာပုံ)** Great Sales ပွဲတော်ကို တစ်နှစ်လျှင် နှစ်လယ် တစ်ကြိမ်၊ နှစ်ကုန်တစ်ကြိမ် ကျင်းပလျက်ရှိသည်။

Casabella Luxury Home Funishing Center မှ ကမ္ဘာ့နာမည်ကြီးတံဆိပ်များဖြစ်သော LOREZO Leather ဆိုဖာများ၊ Dining Furniture များ၊ Dunlopillo မွေ့ရာမျိုးစုံ၊ Aussion အမှတ်တံဆိပ် နောက်ဆုံးပေါ်အိပ်ရာခင်းနှင့် အိပ်ရာအခမ်းအနားအသုံးအဆောင်ပစ္စည်းများ၊ OSIM Healthy Lifestyle အလှအပနှင့် ကျန်းမာရေးပစ္စည်းများ၊ ဂျာမနီနိုင်ငံလုပ် WMF အမှတ်တံဆိပ် အဆင့်မြင့် မီးဖိုချောင်သုံးပစ္စည်းများ၊ GYM နှင့် အားကစားပစ္စည်းမျိုးစုံ၊ ē KO ခေတ်မီရုံးသုံးပရိဘောဂများ၊ Designer ခန်းဆီးလိုက်ကာ၊ ကော်ဇောနှင့် Wallpaper များ၊ နေအိမ်၊ ရုံးနှင့် ဟိုတယ်များအတွက် လိုအပ်သောပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများတို့ကို တစ်နေရာတည်း၊ တစုတဝေးတည်း အချိန်တိုတိုနှင့် စိတ်တိုင်းကျဝယ်ယူရရှိနိုင်မည် ဖြစ်သည်။ အထူးအစီအစဉ်ဖြင့် ဝယ်ယူသူများအား ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အမျိုးအစားအလိုက် လျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်သည်။

Casabella Mandalay ဆိုင်ကို အမှတ် (D-5) မန်းမြန်မာဆောင် ၇၈ လမ်း ၂၇ လမ်းနှင့် ၂၈လမ်းကြား ဖုန်း-၀၂-၇၂၃၄၂ တွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

Casabella Yangon ဆိုင်ကို Great Casabella Sales ပွဲတော်အပြီးတွင် ဆက်လက်ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး ဖုန်း-၉၅-၁-၆၆၄၃၆၃၊ ၆၆၀၇၆၉၊ E-mail:nr-casabella @ myanmar.com.mm ဖြင့် ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၇-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ကဗျာပန်းဥယျာဉ်
၈း၀၅	၇။	အကပြိုင်ပွဲ
၈း၁၅	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	"ပြဒါးသေတစ်ဆွေ၀ သံသေတစ်ပြည်၀"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	Local Talent
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၀	၅။	Yan Can Cook
၁း၄၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၂၅)**
၂း၂၅	၇။	"မွန်ပြည်နယ်တစ်ဝှမ်း ရွှေဖြူလွှမ်း"
၂း၄၀	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၅၀	၉။	International News
၃း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၂၀	၃။	တေးဂီတအစီအစဉ်
၄း၃၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၆။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၁၅	၇။	တေးဂီတအစီအစဉ်
၅း၃၀	၈။	"မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ"
၅း၄၅	၉။	သက်တံရောင်သံစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅	၁၃။	**ယဉ်တစ်ကိုယ်မယ် (သရုပ်ဆောင်-မိုင်းလုံ) (ဒါရိုက်တာ-မင်းဇေယျာလင်း)**
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၂၁)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	စည်းလုံးတဲ့မြေ (စန္ဒရားမောင်လှအေးနှင့်အဖွဲ့၊ [တေးရေး-မောင်သဲကြည် (မအူပင်)]
	၁၉။	ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၄၂)
	၂၀။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး"(အပိုင်း-၃)**
	၂၁။	ဂီတတံခါးလေးဖွင့်ပါဦး
	၂၂။	အစီအစဉ်ပြီး၏။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် 　 ဇူလိုင် 　 ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး မျက်နှာစာ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးညဏ်ထွန်းအောင်နှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီးတို့က သတ်မှတ်နေရာများ၌ အထိမ်းအမှတ် ပိတောက်ပင်နှင့် စိန်တလုံးသရက်ပင်တို့ကို စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီးနှင့် ဇနီးတို့က ခရေပင်နှင့် စိန်တလုံးသရက်ပင်တို့ကို စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ထမ်းမိသားစုများက သတ်မှတ်နေရာအသီးသီးတွင် စိန်တလုံးသရက်၊ အရိပ်ရ လေကာပင်များနှင့် နှစ်ရှည်သီးပင်စားပင်များကို စိုက်ပျိုးကြရာ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီးတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ စိန်တလုံးသရက်၊ မဲဇလီ၊ ကံ့ကော်၊ ပိတောက်၊ တမာ၊ မန်ကျည်း၊ သစ်ဆိမ့်၊ ပိန္နဲ၊ စိန်ပန်းကြီး၊ စိန်ပန်းပုနှင့် မဟော်ဂနီ စသည့် အရိပ်ရလေကာပင်နှင့် နှစ်ရှည်သီးပင်၊ စားပင် စုစုပေါင်း ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးကြောင်း သိရှိရသည်။

(သတင်းစဉ်)

စိုက်ပျိုးပေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီးတို့ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၇-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၂၁)**
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -အမုန်းပြုစားတဲ့အချစ် (နေတိုး၊ နန်းဆုရတီစိုး၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ထူးသာ)**
၁း၃၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၂)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်၍နွဲ
၄း၁၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လှုပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၃။	စားဖိုဆောင်ချစ်သူ
၆း၄၅	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး(အပိုင်း-၃၀)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူရွှင်တော်စကား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၆၁)**
	၂၄။	လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၁၀)
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

ရှေ့နေချုပ် ဦးအေးမောင် ရှေ့နေချုပ်ရုံး၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲ အခမ်း အနားတွင် မဟော်ဂနီပင် ကို စိုက်ပျိုးပေး စဉ်။

(သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ငါးမျိုးစိုက်ထည့်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် 　 ဇူလိုင် 　 ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော် အမှတ်(၂) စက်မှုဝန်ကြီး ဌာနရုံးအနီးရှိ လျှိုပိတ်ဆည်အမှတ်(၇)၌ ကျင်းပသည်။

ရှေးဦးစွာ ဝန်ကြီး ဦးစိုးသိန်းက ဆည်အတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်ပေးပြီး ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်နှင့် ငါးခုံးမသားပေါက်များကို စိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံးဝင်းအတွင်း၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၏ ပဉ္စမနေ့အဖြစ် ကျင်းပရာ ဝန်ထမ်းများက စိန်တလုံးသရက်၊ စွယ်တော်၊ ပျဉ်းမ၊ ခရေ၊ စိန်ပန်း၊ ကြောင်လျှာ၊ တမာ စသည့် သစ်ပင်ပျိုးပင် ၂၀၀၀ ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှေ့နေချုပ်ရုံး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် 　 ဇူလိုင် 　 ၁၆

ရှေ့နေချုပ်ရုံး၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါရုံး၌ ကျင်းပရာ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှေ့နေချုပ် ဦးအေးမောင်က အထိမ်းအမှတ်မဟော်ဂနီပင်ကို စိုက်ပျိုးပေးပြီး ဒုတိယရှေ့နေချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ် (တာဝန်)တို့က စိန်တလုံးသရက်ပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ရှေ့နေချုပ်သည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု၊ စိုက်ပျိုးထားသည့်အပင်များအား မြေဆွ၊ ပေါင်းသင်၊ မြေတောင်မြှောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ငါးမျိုးစိုက်ထည့်

ယင်းနောက် ရှေ့နေချုပ်ရုံး လျှိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဆက်လက်ကျင်းပရာ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်များ၊ ညွှန်ကြားရေးမှူးချုပ် (တာဝန်)၊ ရုံးအဖွဲ့မှူးနှင့် ဝန်ထမ်းများက မြက်စားငါးကြင်းသားပေါက် ကောင်ရေ ၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ရှေ့နေချုပ်ရုံး၏ ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်၊ မဟော်ဂနီ၊ ကံ့ကော်၊ ပိတောက်၊ ခရေ၊ တမာ၊ စိန်ပန်း၊ ကုက္ကို အစရှိသော ပျိုးပင်ပေါင်း ၁၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဂုံမြို့နယ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ရန်ကုန် 　 ဇူလိုင် 　 ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်အေးသန္တာထွေးက နှစ်စဉ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးက ရပ်ကွက်ကြီး ငါးရပ်ကွက်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများအား တစ်ဦးချင်း စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်သည်။

(အပေါ်ပုံ) (၃၂)

လူတစ်ဦးကျွန်းတစ်ပင်စိုက်ပျိုးရေး သဃ်န်းကျွန်းမြို့နယ်၌ ပညာပေးဟောပြောတာဝန်ပေး

ရန်ကုန် 　 ဇူလိုင် 　 ၁၆

၂၀၁၀ ခုနှစ် မိုးရာသီ လူတစ်ဦး ကျွန်းတစ်ပင်စိုက်ပျိုးရေး စီမံချက် အောင်မြင်စွာ အကောင်အထည်ဖော် စိုက်ပျိုးနိုင်ရေးအတွက် သင်္ဃန်းကျွန်း မြို့နယ်ကိုယ်စားပြုအဖြစ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စိုက်ပျိုးမွေးမြူရေး (၁)ရပ်ကွက်အတွင်းသို့ ကွင်းဆင်းပြီး သင်္ဃန်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်မြင့်က စိုက်ပျိုးရခြင်း ရည်ရွယ်ချက်များနှင့် စိုက်ပျိုးနည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခြင်း၊ စိုက်ပျိုးရန်ပျိုးပင်များ ဖြန့်ဝေခြင်း တာဝန်များ ပေးအပ်ခဲ့သည်။

၂၀၁၀ ခုနှစ် မိုးရာသီတွင် သင်္ဃန်းကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ ကျွန်းပင်ပေါင်း အပင် ၁၇၅၀ ကို အိမ်ထောင်စုပေါင်း ၄၅၀ အား ဇူလိုင် ၅ ရက်တွင် ဖြန့်ဝေပေးခဲ့သည်။

(ကြေးမုံ)

ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ လေ့လာရေး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင်များ ပြန်လည်ရောက်ရှိ

ရန်ကုန် 　 ဇူလိုင် 　 ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးလင်း ဦးဆောင်သော အဖွဲ့ဝင် ၁၇ ဦးပါဝင်သည့် အဖွဲ့သည် ဇူလိုင် ၁၀ ရက်တွင် လေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုန်စည်ပြပွဲကြီး၌ ကမ္ဘာတစ်ဝန်း မြို့ပြဆိုင်ရာ တည်ဆောက်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာ့နိုင်ငံများ၏ နည်းပညာဆိုင်ရာများကို လေ့လာခဲ့ကြပြီး ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တီဘီရောဂါတိုက်ဖျက်ရေး Biosafety Level-3 Laboratory ဓာတ်ခွဲခန်းဖွင့်

အရှေ့တောင်အာရှနိုင်ငံများအနက် အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော နိုင်ငံဖြစ်

နေပြည်တော် ဇူလိုင် ၁၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန Biosafety Level-3 Laboratory ဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တီဘီရောဂါကုဆေးရုံဝင်းအတွင်းရှိ အမျိုးသားမှီငြမ်းပြု တီဘီဓာတ်ခွဲဌာနရှေ့၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် Foundation for Innovative New Diagnosis(FIND) မှ Chief Executive Officer, Dr.Giorgio Roscigno တို့က Biosafety Level-3 Laboratory ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် အဆောက်အအုံအတွင်းပြသထားသော Biosafety Level-3 Laboratory ဓာတ်ခွဲခန်း ဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ FIND အဖွဲ့မှ Biosafety Level-3 Laboratory အထောက်အပံ့နှင့် ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီတွင် အမျိုးသားမှီငြမ်းပြု တီဘီဓာတ်ခွဲဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ FIND အဖွဲ့မှ Chief Executive Officer, Dr. Giorgio Roscigno က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားရာ၌ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် တီဘီရောဂါတိုက်ဖျက်ရေးအတွက် Biosafety Level-3 Laboratory လုပ်ငန်း အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော နိုင်ငံဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ယခုကဲ့သို့ တီဘီရောဂါအတွက် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်း တည်ထောင်နိုင်ခြင်းကြောင့် တီဘီရောဂါလူနာများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် Dr. Giorgio Roscigno က Biosafety Level-3 Laboratory နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ Biosafety Level-3 Laboratory အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ငွေကျပ် ၅၉ သန်းအကုန်အကျခံ တည်ဆောက်ဖွဲ့စည်းထားရှိပြီး FIND အဖွဲ့အနေဖြင့် တီဘီရောဂါရှာဖွေကုသရေးအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅ သန်းတန်ဖိုးရှိ ဓာတ်ခွဲခန်းအထောက်အပံ့ ပစ္စည်းကိရိယာများနှင့် လိုအပ်သော သင်တန်းများပေးခြင်းအတွက် လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တက်ရောက်အားပေး

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ကျန်းမာရေးဦးစီးဌာန Biosafety Level-3 Laboratory ဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ရတနာသိယ်တံတားနှင့် ပုသိမ်-မုံရွာလမ်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် မုံရွာမြို့မှ ရွှေဘို-မုံရွာဖြတ်လမ်းအတိုင်း ထွက်ခွာ၍ လမ်းဆုံ၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရတနာသိယ်တံတား ချဉ်းကပ်လမ်းလုပ်ငန်း(ကျောက်မြောင်းဘက်ကမ်း)သို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာ၏ လုပ်ငန်းဆောင်ရွက်နေမှု ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြားသည်။

ထိုမှတစ်ဆင့် ရတနာသိယ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၁၄) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက တံတားလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးက တံတားလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်း ပြည့်မီစေရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းအောင် အထူးဂရုပြု တည်ဆောက်သွားရေး မှာကြားပြီး စီမံကိန်းရှင်းလင်းဆောင်မှ တံတားတိုင်များ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရွှေဘို-ကျောက်မြောင်းလမ်းအတိုင်း ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် (၄/၀)ရှိ ယာယီလမ်းစခန်း ရှင်းလင်းဆောင်၌ လမ်းတာဝန်ခံ အင်ဂျင်နီယာများအား ရွှေဘို-ကျောက်မြောင်းလမ်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားသည်။

မှာကြား

ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် မုံရွာမြို့မှ ပုသိမ်-မုံရွာလမ်းအတိုင်း ထွက်ခွာ၍ မိုင်တိုင်အမှတ်(၄၃၃/၃)၌ လမ်းခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၄၂၈/၄)ရှိ Naing Group Construction Co., Ltd. ပုသိမ်-မုံရွာလမ်းမကြီး တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းကွပ်ကဲမှုရုံး၌ လမ်းတာဝန်ခံ အင်ဂျင်နီယာများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ၏ လမ်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မိုင်တိုင်အမှတ်(၄၁၇/၁)နှင့် (၄၀၉/၆)တို့တွင် ကျောက်များခင်းနေမှု၊ မိုင်တိုင်အမှတ် (၄၀၁/၀) တွင် ကျောက်ခွဲစက်ဖြင့် ကျောက်များခွဲကြိတ်နေမှုနှင့် မိုင်တိုင်အမှတ်(၃၉၈/၀)တွင် ကျောက်များ ခင်းကြိတ်ပြီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၉၃/၁) အနီးရှိ ပုသိမ်-မုံရွာလမ်းတည်ဆောက်ရေး စီမံကိန်းအဆောက်အအုံဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့ရုံးသို့ ရောက်ရှိရာ လမ်းတာဝန်ခံအင်ဂျင်နီယာက လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မိုင်တိုင်အမှတ်(၃၇၉/၆)၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရတနာသိယ်တံတား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရတနာသိယ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

SANTINI International Training Academy မှ သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၆

SANTINI International Training Academy မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် သင်တန်းများအနက် ကာလတိုတစ်လခွဲသင်တန်းများဖြစ်သော Front Desk Representative, Guestroom Attendant, Restaurant Sever, Barista Skills, Commercial Aviation, Bartender & Arts of Mixology and Banquet Set up and Catered Events များ ရုံးဝန်ထမ်းများအဆင်ပြေစေရန် ရုံးချိန်ပြင်ပ စာသင်ချိန်များအသွင်ဖြင့် IT သင်တန်းများအပြင် ကာလရှည်လေးလ သင်တန်းဖြစ်သော Managing Front Office Operation တို့ကို ဩဂုတ်လတွင် ဖွင့်လှစ်မည်ဖြစ်သည်။

ပြဋ္ဌာန်းစာအုပ်

သင်ရိုးများမှာ စာတွေ့နှင့်လက်တွေ့ အချိုးညီပြီး အဖွဲ့လိုက်လှုပ်ရှားမှုများ၊ Power Point Presentation များ၊ Video Presentation များအပြင် မူရင်းပြဋ္ဌာန်းစာအုပ်များဖြင့် သင်ကြားပေးကြောင်း သိရှိရသည်။

မိုးရာသီအထူးအစီအစဉ်အနေဖြင့် သင်တန်းများအားလုံးကို ၂၀ ရာခိုင်နှုန်း လျှော့ဈေးအပြင် "Full Scholarship" ရရှိမည့် အခွင့်အရေးလည်းရှိကြောင်း သင်တန်းများပြီးဆုံးလျှင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးကြောင်း သင်တန်းပြီးဆုံးသွားသော သင်တန်းသားများကိုလည်း ပြည်တွင်း၊ပြည်ပရှိ အဆင့်မြင့်ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ ခေါ်ယူအလုပ်ခန့်ထားရန် စိတ်ဝင်စားနေကြပြီး ရွေးချယ်ခန့်ထားခံရသူများလည်းရှိကြောင်း သိရှိရသည်။

မေးမြန်းနိုင်

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ် (၁၇၀/၁၇၆) နယူးဧရာဟိုတယ် ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်(အာလာဒင်ဂိမ်းစင်တာအနီး) Email: info@santinitraining.com, admin@santini-training. com, website:www.santinitraining.com ဖုန်း-၃၈၃၇၃၉၊ ၃၈၃၃၇၄၀၊ ၂၅၆၉၃၈-၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့နယ်အဆင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာဟောပြောပွဲ ကျင်းပ

သထုံ ဇူလိုင် ၁၆

သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ကြီးမှူး၍ မြို့နယ်အဆင့် မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ခြင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၁၁နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးအေးနိုင်နှင့် အဖွဲ့ဝင်များ၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဆွေဆွေဝင်းနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြည်သူ့ဆေးရုံ ခရိုင်ဆရာဝန်ကြီးက မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

ယင်းနောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးသည့် မျိုးဆက်ပွား ကျန်းမာရေးအသိပညာပေး လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင်ပြန်/ဆက်)

◆ **ကျောဖုံးမှ**

သို့သော် ဤနေပြည်တော်ပျဉ်းမနား-ပင်လောင်းသွား တောင်ပေါ်ကားလမ်း၏အလှက တစ်မျိုးဆန်းသည်။ တောင်စဉ်တောင်တန်းများပေါ်၌ ဖောက်လုပ်ထားသောလမ်းဖြစ်သောကြောင့် တောတောင်တို့၏ သဘာဝအလှများကို ကားပေါ်မှ လှမ်း၍မြင်ရသလို မိုးဦးကာလဖြစ်၍ တောင်ပေါ်ချောင်းကလေးများမှ ရေစီးသံများ၊ တောပန်းတို့၏ ရနံ့များကြောင့် စိတ်အစဉ်တို့က လန်းဆန်းနေသည်။

တောင်ကျရွာကိုကျော်တော့ ရေပူစမ်းသို့ ခေတ္တဝင်ဖြစ်သည်။နယ်စပ်/စည်ပင်မှ တာဝန်ယူဆောင်ရွက်နေသည့် ထိုရေပူစမ်းက ပြန်ထွက်ပြီး မိုးတုန်း၊ လုံးကဲ၊ ပြီးတော့ လိန်းလီသို့ ရောက်သည်။ လိန်းလီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်နေသည့် မြန်မာပြည်တွင် အမြင့်ဆုံးနှင့် ကားတစ်စီးချင်း ၇၅ တန် ခံနိုင်ဝန်ရှိမည့် ကြိုးတံတားကြီးကို ဆောက်လက်စဖြင့် တွေ့ခဲ့ရသည်။

စာရေးသူ၏ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း လေ့လာရေးခရီးကို တည်ဆောက်ဆဲလိန်းလီကြိုးတံတားမှ လှည့်ပြန်ခဲ့သည်။ မနက်ဖြန် ကင်းသာတွင် ကျင်းပမည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့)လမ်းဖွင့်ပွဲ အခမ်းအနားတက်ရောက်ရဦးမည် ဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့် ကျွန်တော်သည် ပင်လောင်းမရောက်ခင် ဖြတ်သန်းရဦးမည့် ရှမ်းရွာကလေးများဖြစ်သော နန်းပန်၊ ကုန်းစီ၊ ဇာက၊ ယင်းမှီတို့ကို ဆောက်လက်စ လိန်းလီကြိုးတံတားကြီးပေါ်မှ လက်ပြနှုတ်ဆက်လိုက်ပါတော့သည်။

၂၀၁၀ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ နေပြည်တော်ပျဉ်းမနား-ပင်လောင်းကားလမ်း (ကင်းသာ-ကိုးကွေ့)အဆင့်မြင့် ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါလမ်းမိုင်တိုင်အမှတ်(၀/၀)ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ကျွန်တော်သည်

နေပြည်တော်ပျဉ်းမနား-ပင်လောင်းကတ္တရာလမ်း(ကင်းသာ-ကိုးကွေ့အပိုင်း)ဖွင့်ပွဲတွင် ဝန်ကြီး ဦးခင်မောင်မြင့် အမှာစကားပြောကြားစဉ်နှင့် ဖွင့်ပွဲတက်ရောက်သော ဒေသခံများကို တွေ့ရစဉ်။

စင်မြင့်ရှေ့ရှိ မဏ္ဍပ်အတွင်း၌ ဒေသခံပြည်သူများနှင့်အတူ နေရာယူထားသည်။

အဆိုပါအဆင့်မြင့်ကတ္တရာလမ်း ဖဲကြိုးဖြတ်မဖွင့်မီ ရှေးဦးစွာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ခေတ်မီ နိုင်ငံတော် တည်ဆောက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အဓိကကဏ္ဍမှ ပါဝင်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ လွယ်လင့်တကူ ဆက်သွယ်ဆောင်ရွက်နိုင်မှသာ စီးပွားရေး၊ လူမှုရေးတို့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း စသည်ဖြင့် လမ်းများ ကွန်ရက်သဖွယ် ဖောက်လုပ်တည်ဆောက်ရသည့် ရည်ရွယ်ချက်ကို လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ယခုကဲ့သို့ လမ်း၊ တံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးနိုင်သည့်အတွက် ပြည်နယ်နှင့် တိုင်းများရှိ ဒေသများသည် တစ်ဆက်တစ်စပ်တည်း ကွန်ရက်သဖွယ် အချိတ်အဆက်ရှိလာပြီး ဆက်သွယ်သွားလာမှု လွယ်ကူလျက် ကုန်သွယ်မှုလုပ်ငန်းများလည်း တိုးတက်မြန်ဆန်လာသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီး ငွေကြေးအမြောက်အမြား အကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများက ဝင်ငွေများ ပိုမိုရလာရန်နှင့် နိုင်ငံခြားပို့ကုန် သီးနှံများ ပိုမိုထွက်ရှိလာရန် ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရမည် ဖြစ်ကြောင်း၊ နောင် သားစဉ်မြေးဆက်များအတွက်လည်း ကောင်းသော လက်ဆင့်ကမ်းအမွေများ ပေးနိုင်ရန်နှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သော နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းတစ်ခုရရှိခြင်းဖြစ်သဖြင့် သားစဉ်မြေးဆက် ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးကြပါဟု တိုက်တွန်း ပြောကြားသွားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ကတ္တရာလမ်းပိုင်းဆိုင်ရာ အချက်အလက်များ၊ လမ်းအင်္ဂါရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် ၁၉၈၈ ခုနှစ် မတိုင်မီက လမ်းအရှည်မိုင် ၁၃၆၃၅ မိုင် ရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁ မိုင် နှစ်ဖာလုံရှိလာပြီဖြစ်သည့်အတွက် ၇၇၂၆ မိုင် နှစ်ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထပ်တိုးလမ်းများအဖြစ် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အခြားဝန်ကြီးဌာနများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် လမ်းမိုင်အရှည်

နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းကို ယ
၁၈ ပေ အထိ ကတ္တရာလမ်း တိုးချဲ့မြှင့်တင်သွားမည
အဆိုပါ အဆင့်မြှင့် ကတ္တရာလမ်းကို အသုံးပြု၍
ပြည်သူများ နေပြည်တော်ပျဉ်းမနား-နေပြည်
တို့မှတစ်ဆင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီ
ပြည်နယ် လွိုင်ကော်အထိ သွားရောက်၍ ပြည်
အချင်းချင်း ဒေသထွက်ကုန်ပစ္စည်းများ ဖလှယ်
တစ်ဦးမှ တစ်ဦးထံသို့ ကူးလူးဆက်နွယ် ချစ်ကြည်သွယ

တိုလျှင်
ပြီဖြစ်
ဖာလုံ
ကြောင်း၊
၂၀၀၉-

၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် အခြား ဝန်ကြီးဌာနများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့သည့် လမ်းမိုင်အရှည် ၁၁၄၇ မိုင် တစ်ဖာလုံကိုလည်း လက်ခံရရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၁၀ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ပြည်-ပေါက်ခေါင်း-တောင်ငူ လမ်း မိုင်အရှည် ၁၂၅ မိုင် တစ်ဖာလုံကို ကတ္တရာလမ်းအဖြစ် ၅ လ ၁၉ ရက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ထို့နည်းတူ ဧရာဝတီမြစ်ဝကျွန်းပေါ် လမ်းကွန်ရက် ၁၀ လမ်းထဲက အမှတ်(၉)လမ်းဖြစ်သည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆ မိုင်ကိုလည်း ၂၀၁၀ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ကတ္တရာလမ်းအဖြစ် ၅ လ ၁၄ ရက်ဖြင့် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း၏ (ကင်းသာ-ကိုးကွေ့) လမ်းအပိုင်းသည် မိုင် ၂၀ သုံးဖာလုံအရှည်ရှိပြီး ၁၈ပေအကျယ် ကတ္တရာလမ်းဖြစ်ကြောင်း၊ လမ်းတာပေါင် ၃၄ ပေအကျယ်ရှိပြီး လမ်းကွေ့နေရာများတွင် ပေ ၄၀ အကျယ်ရှိကြောင်း၊ ဤလမ်းသည် ယခင်က ၁၂ ပေအကျယ် ကျောက်လမ်းအဆင့်သာရှိပြီး အချို့နေရာများတွင် မတ်စောက်သည့်နေရာများ ရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်အရ ဤလမ်းကို ခရီးသည်တင်ဘတ်(စ်)ကားကြီးများ သွားလာနိုင်အောင် ဆောက်လုပ်ရေး ဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှစ၍ ၁၂ ပေအကျယ် ကျောက်လမ်းမှ ၁၈ပေအကျယ် ကတ္တရာလမ်းအဖြစ် စတင်အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ မတ်စောက်၍ အတက်အဆင်းခက်ခဲသောနေရာများတွင် အောက်ခံကျောက်သားများကို ဖောက်ခွဲပြီး လမ်းသားနှိမ့်ချခြင်းလုပ်ငန်းများကို ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အတက်အဆင်း အကွေ့အကောက်များသည့် နေရာများကိုလည်း ဒီဇိုင်းအရ ပြေပြစ်အောင် ဆောင်ရွက်ခဲ့ပြီး လမ်းတစ်လျှောက် သစ်သားတံတားများကိုလည်း သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးခဲ့ကြောင်း၊ ဤလမ်းသည် နေပြည်တော်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ကို ဆက်စပ်ပေးသည့် အဓိကလမ်းမကြီး ဖြစ်ကြောင်း၊ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းသည် လမ်းမိုင်အရှည် မိုင် ၇၀ နှစ်ဖာလုံရှိပြီး ယနေ့ဖွင့်လှစ်ပေးသည်မှာ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းမ၏ အစပိုင်းဖြစ်သော (ကင်းသာ-ကိုးကွေ့) အပိုင်း မိုင် ၂၀ သုံးဖာလုံကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် (ကိုးကွေ့-ပင်လောင်း) လမ်းအပိုင်းကိုလည်း အမြန်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

ယနေ့ ဖွင့်လှစ်ပေးလိုက်သည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်း (ကင်းသာ-ကိုးကွေ့) အပိုင်း စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ လမ်းအရှည် မိုင် ၂၀ သုံးဖာလုံနှင့် ယာဉ်သွားလမ်းအကျယ် ၁၈ ပေရှိပြီး စီမံကိန်းစတင်ခဲ့သည့်နေ့မှာ ၂၀၀၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့ဖြစ်သည်။ လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော်က တာဝန်ယူ၍ နေပြည်တော်ခရိုင်ဆောက်လုပ်ရေးအဖွဲ့၊ လေယာဉ်ကွင်းဆောက်လုပ်ရေး အထူးအဖွဲ့(၂)၊ အဆောက်အအုံ အထူးအဖွဲ့(၃)နှင့် (၅)တို့မှ အင်ဂျင်နီယာမှူးများ၊ အင်ဂျင်နီယာများနှင့် လက်ထောက် အင်ဂျင်နီယာများ၊ လုပ်သားများက တာဝန်ယူဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ကျန်ရှိနေသေးသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းကို ယာဉ်သွားလမ်း ၁၈ ပေအထိ ကတ္တရာလမ်း တိုးချဲ့မြှင့်တင်သွားမည်ဟု သိရပြီး အဆိုပါအဆင့်မြှင့် ကတ္တရာလမ်းကိုအသုံးပြု၍ တစ်နိုင်ငံလုံးရှိ ပြည်သူများ နေပြည်တော်ပျဉ်းမနား-နေပြည်တော်တပ်ကုန်းတို့မှတစ်ဆင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးနှင့် ကယားပြည်နယ် လွိုင်ကော်အထိ သွားရောက်၍ ပြည်ထောင်စုသား အချင်းချင်း ဒေသထွက်ကုန်ပစ္စည်းများ ဖလှယ်နိုင်မည့်အပြင် တစ်ဦးမှတစ်ဦးထံသို့ ကူးလူးဆက်နွှယ် ချစ်ကြိုးသွယ်နိုင်တော့မည် ဖြစ်ပါကြောင်းကို လေ့လာရေးသား တင်ပြလိုက်ရပါတော့သည်။ ။

ဖြတ်သန်းကြည့်ရှု

နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) ဖွင့်ပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီးများ လမ်းပိုင်းကို ဖြတ်သန်းကြည့်ရှုစဉ်။

ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရန်တောင်စဉ်တောင်တန်း အတားအဆီးများကို ကျော်ဖြတ်၍ ကင်းသာ-ကိုးကွေ့ လမ်းပိုင်းကို အဆင့်မြှင့်တင်ပေးခဲ့သည်။

ကင်းသာ-ကိုးကွေ့ လမ်းပိုင်း

နေပြည်တော်ပျဉ်းမနား-ပင်လောင်း ကတ္တရာလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

း)ပင်လောင်းကို ယာဉ်သွားလမ်း
တိုးချဲ့မြှင့်တင်သွားမည်ဟု သိရပြီး
လမ်းကို အသုံးပြု၍ တစ်နိုင်ငံလုံးရှိ
ပျဉ်းမနား-နေပြည်တော်တပ်ကုန်း
(တောင်ပိုင်း)တောင်ကြီးနှင့် ကယား
သွားရောက်၍ ပြည်ထောင်စုသား
န်ပစ္စည်းများ ဖလှယ်နိုင်မည့်အပြင်
ဆက်နွှယ် ချစ်ကြိုးသွယ်နိုင်တော့မည်။

အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်တွင် (စ) အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (အား/ကာ)

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ပြိုင်ပွဲသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အားကစားဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အလားတူ နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (င)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော် ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်၌ (င)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၁၇ ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီး ဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားပြိုင်ကွင်း၌(ဆ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် တရားရုံးချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

Free Training Camp ဝင်ရန် မြန်မာလူငယ်ဂျူဒိုအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၆

၂၀၁၀ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်အထိ Asia Olympic Council နှင့် Judo Union of Asia တို့ ပူးပေါင်း၍ Asia Youth Development Project ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Asia Youth Judo Camp(Free Training Camp) သို့ ဝင်ရောက်မည့် မြန်မာလူငယ်လက်ရွေးစင်ဂျူဒိုအဖွဲ့သည် ယမန်နေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလူငယ်လက်ရွေးစင်ဂျူဒိုအဖွဲ့တွင် နည်းပြအဖြစ် ဒေါ်ခင်မူမူ (ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့် လူငယ်အားကစားသမားများအဖြစ် ချစ်မင်းမင်းကို (အားကစားနှင့် ကာယပညာသိပ္ပံ-ရန်ကုန်)နှင့် ကြူကြူအေး (အားကစားနှင့် ကာယပညာသိပ္ပံ-ရန်ကုန်)တို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် Asia Youth Judo Camp (Free Training Camp) သို့ ဝင်ရောက်မည့် မြန်မာလူငယ်လက်ရွေးစင် ဂျူဒိုအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (ဂျူဒိုအဖွဲ့ချုပ်)

ဟိုင်းကြီးကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြချယ်ရီလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံ ဦးသက်မင်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းဇော်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲများ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို ယနေ့ နံနက် ၉ နာရီမှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲ၏ အမျိုးသမီး ပထမအကြို ဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို ၈၈ မှတ်- ၃၈ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယအကြို ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ၆၈ မှတ်- ၆၆ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသား ပထမအကြိုဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က မန္တလေးတိုင်းကို ၆၆ မှတ်- ၄၇ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယအကြို ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)က ရန်ကုန်တိုင်းကို ၇၂ မှတ်- ၄၂ မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ပြိုင်ပွဲ၏ ဗိုလ်လုပွဲများကို ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီမှ စတင်၍ ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ အမျိုးသမီးပြိုင်ပွဲ၏ ဗိုလ်လုပွဲ-ပွဲစဉ်၌ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်း၊ အမျိုးသားပြိုင်ပွဲ၏ ဗိုလ်လုပွဲ-ပွဲစဉ်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ (သတင်းစဉ်)

(၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ၏ အမျိုးသမီး ပထမအကြိုဗိုလ်လုပွဲတွင် စစ်ကိုင်းတိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (ဘတ်စကက်ဘောအဖွဲ့ချုပ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၆

ယနေ့ မွန်းလွဲ ၁ နာရီ ၅၄ မိနစ် ၃၆ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်တိုင်းထွာရေးစခန်းမှ အနောက်ဘက် ၂၅ မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်း ငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရသာထူးခြား မြန်မာ့ဒေသထွက်အစားအစာများ ဈေးရောင်းပွဲကျင်းပမည်

နေပြည်တော် ဇူလိုင် ၁၆

Ocean Supercenter က ကြီးမှူးပြီး “ရသာထူးခြား မြန်မာ့ဒေသထွက်အစားအစာများ” ဈေးရောင်းပွဲကို ဇူလိုင် ၁၆ ရက်၊ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် East Point Shopping Center ၌ လည်းကောင်း၊ ဇူလိုင် ၂၃ ရက်၊ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် North Point Shopping Center ၌ လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ဈေးရောင်းပွဲတော်တွင် အညာဒေသထွက် စားသောက်ကုန်များ၊ ရှမ်းပြည်နယ်ဒေသထွက် စားသောက်ကုန်များ၊ မြိတ်ဒေသထွက် စားသောက်ကုန်များ၊ ပြည်ဒေသထွက် စားသောက်ကုန်များပျဉ်းမနားဒေသထွက် စားသောက်ကုန်များ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသထွက် စားသောက်ကုန်များ၊ မန္တလေးဒေသထွက် စားသောက်ကုန်များ စသည်ဖြင့် အမျိုးပေါင်း ၁၈၀ ကျော်ကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် အညာဒေသထွက်ကုန်များဖြစ်သည့် မုန့်ဩဇာ၊ (အုန်း၊ ဆီး၊ ပေါက်ပေါက်) ထန်းလျက်များ၊ မန်ကျည်းတော်ဖီ၊ နို့မလိုင်နှင့် ပုန်းရည်ကြီး၊ မှန်ကူသီး၊ ဆားချိုသီး၊ ချဉ်စော်ခါးသီး၊ သရက်ပျဉ်၊ ခေါပုတ်နှင့် အနံ့အရသာ အထူးကောင်းမွန်သည့် လက်ဖက်ခြောက်များ၊ တောင်ကြီးပဲကြော်၊ ပဲပုပ်စေ့လှော်၊ တို့ဟူးခေါက်၊ ဆီတို့ဟူး၊ နေကြာစေ့လှော်၊ အင်းလေးရိုးရာ ပုစွန်ဖွဲ့ကြော်၊ သက်သတ်လွတ် ရှယ်ဂျုံးမြစ်ကြော်၊ ဝက်သားချဉ်၊ ငါးပေါင်းထုပ်၊ မုန်ညင်းပေါင်းထုပ်၊ သက်သတ်လွတ် ဟင်းထုပ်များအပြင် အသင့်ချက်ပြုတ်စားသုံးရန် ပြင်ဆင်ထားသော မာလာဟင်း၊ မြေအိုးမြီးရှည်၊ တောင်ကြီးမြီးရှည်များ၊ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးအတွက် အထူးသင့်လျော်သော သဘာဝသစ်သီးများမှ ထွက်ရှိသည့် သစ်သီးဖျော်ရည်များ၊ အဖျော်ယမကာများနှင့် မက်မန်းသီး၊ မက်မန်းယို၊ ရှယ်မုန်ညင်းချဉ်၊ ဆီတို့ဟူး၊ ကြက်သွန်ချဉ်၊ ရှမ်းချဉ် အမျိုးမျိုးကို ရောင်းချပေးမည်ဖြစ်သည်။

မန္တလေး နာမည်ကြီးလက်ဖက်ဖြစ်သည့် ရီမွန်လက်ဖက်နှင့် အကြော်မျိုးစုံ၊ မြင့်မြင့်ခင်ထိုးမုန့်၊ လမုန့်များ၊ ပျဉ်းမနားဒေသထွက်များဖြစ်သည့် ယိုအမျိုးမျိုး၊ ပျဉ်းမနားမျှစ်ချဉ်များ၊ ပြည်ဒေသထွက်အစားအစာတွင် မပါမဖြစ် မလိုင်နှင့် လက်ပံတန်းကရေကရာများ (ရိုးရိုး၊ အုန်း၊ ဒူးရင်း)၊ ရှယ်မလိုင်ထိုးမုန့်၊ အုန်းကြော်ထိုးမုန့်၊ ရှယ်သီးစုံထိုးမုန့်များ၊ မြိတ်ဒေသ အစားအစာရောင်းချပေးသည့် ဆိုင်များတွင် မုန့်ဦးနှောက်၊ သခွားသီးအစိမ်းသနပ်၊ ရွှေထမင်း (ကောက်ညှင်းပျဉ်)၊ သာခွေယိုင်၊ ကောက်ညှင်းအုန်းနို့ (ဒူးရင်း)၊ မြိတ်အာဝါဒေး၊ မြိတ်မုန့်ကုလားမဲ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသထွက် အစားအစာများဖြစ်သည့် နာမည်ကြီး ရွှေမြင်းပျံဟာလဝါ အစိုအခြောက်၊ ခင်ထွေးရီ မုန့်ဟင်းခါးဟင်းရည်ခြောက်ထုပ်စသည့် ဒေသထွက်စားသောက်ကုန်များကို ဈေးရောင်းပွဲတော်တွင် ထည့်သွင်းရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကနီမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မုံရွာခရိုင် ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့က ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် (၁၉/၆) ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ ပျိုးပင်များပေးအပ်ပြီးနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးထွန်းဖေနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်ဦးတို့က ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ထနောင်း၊ မန်ကျည်း၊ တမာ၊ ကျွန်း စသည့် ပျိုးပင်ပေါင်း ၂၁၆၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ (မြို့နယ်ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဇူလိုင် ၁၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ချောင်းဆုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မင်းကင်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၂၀လက်မ၊ ကလေးဝမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ပဲခူးမြို့တွင် ၁ ဒသမ ၈၁ လက်မနှင့် မော်လိုက်မြို့တွင် ၁ ဒသမ ၆၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် အပူပိုင်းမုန်တိုင်း(ကွန်ဆွန်)သည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၏ အရှေ့တောင်ဘက် မိုင် ၃၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဇူလိုင် ၁၇ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇူလိုင်လ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၃ဒသမ ဝဒီဂရီစင်တီဂရိတ်) ၉၀ ဒီဂရီဖာရင်ဟိုက်		၁၅-၇-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ဒသမ ၄ဒီဂရီစင်တီဂရိတ်)၇၈ ဒီဂရီဖာရင်ဟိုက်		၁၆-၇-၂၀၁၀
၉း၃၀ နာရီအချိန်	စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း	၁၆-၇-၂၀၁၀
နေပူသည့်နာရီပေါင်း	၂ ဒသမ ၅ နာရီခန့်	၁၅-၇-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၆-၇-၂၀၁၀	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၁၀မှ	၈၇၇ မမ	၁၀၃၇ မမ	၁၂၃၃ မမ
ယနေ့အထိ	(၃၄ဒသမ၅၃လက်မ)	(၄၀ဒသမ၈၃လက်မ)	(၄၈ဒသမ၅၄လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၅-၇-၂၀၁၀ ရက် ၁း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၆

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၂ ရက်တွင် မိတ္ထီလာမြို့၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မြေပြင်အတတ်သင်လေတပ်စခန်းမှစခန်းမှူး တက်ရောက်၍ ဆုရရှိသောအသင်းနှင့် အားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ တပ်မှူး၊ ဌာနမှူးများ၊ အရာရှိအရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များတက်ရောက် အားပေးကြသည်။

ယှဉ်ပြိုင်

ဗိုလ်လုပွဲအဖြစ် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်အသင်းနှင့် လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လေယာဉ် ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်အသင်းက ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဇာနည်နေ့နှင့် ဝါဆိုလပြည့်နေ့တို့တွင် လော်ကားဥယျာဉ်ကို အချိန်တိုးမြှင့် ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၆

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားသော်လည်း ၂၀၁၀ ခုနှစ် ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)နှင့် ဇူလိုင် ၂၆ ရက် (ဝါဆိုလပြည့်နေ့) တို့တွင် အများပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ တိုးမြှင့် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြောက်ဥက္ကလာပမြို့နယ်နေ
ဦးမြင့်အောင်-ဒေါ်အေးမြင့်တို့၏သားလတ်
ဗိုလ်ကြီးကျော်ဇင်ထွန်း B.C.Sc (D.S.A)
M.E(Information Science and Computers)
နှင့်
မြောက်ဥက္ကလာပမြို့နယ်နေ
ဦးလှမောင်-ဒေါ်ခင်မျိုးမြင့်တို့၏သမီးငယ်
မတင်မျိုးလွင် B.Pharm(Ygn)
FAME Pharmaceuticals Co., Ltd.
တို့သည် ၁၅-၇-၂၀၁၀ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်ဇင်ထွန်း-မတင်မျိုးလွင်

ဥတုရာသီ တောကိုမှီ၏

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည)

၁၇-၇-၂၀၁၀

၀၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၀၇း၀၅ နိုင်ငံတော်သီချင်း-ကြေညာချက် တရားတော်(မင်္ဂလသုတ်)
၀၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၀၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၀၈း၀၀ စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၀၈း၃၀ လောကနီတိအသိရှိစေဖို့ (သရဏဂုံ) တေးပဒေသာ ဘဝအသွင်ကဗျာ့အမြင် (မေတ္တာအိမ်)တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင် -သရက်ပင်နဲ့ ခွေးတောက်ပင်ပုံပြင်)
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဇာတ်လမ်းပမာနားဆင်စရာ (တစ်သက်မှာ တစ်ခါချစ်မင်္ဂလာ) တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၅၈)
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (ကြည်မြသည့်ဂီတ ပီသသည့်အသံ အံ့ဝင်သည့်စာသား)
၁၂း၃၀ ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ ပညာရေးအစီအစဉ် (အထက်တန်း-မြန်မာစာ) တေးပဒေသာ)
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၅ လေလှိုင်းကြားကပွဲတင်သံ
၅း၁၅ တေးပဒေသာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ခေတ်မရွေးသောတေးများ
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀ နိုင်ငံတကာသတင်း နိုင်ငံ့ရေးဦးတည်ချက်
၇း၁၀ တေးပဒေသာ
၇း၁၅ သူ့အကြိုက်သူ့အသွင်(ပုလဲဝင်း)
၇း၃၀ ကျန်းမာရေးရာသိကောင်းစရာ (သတိပြုသင့်သော သန်ကောင်ရောဂါ) တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၂၀ သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀ သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၈း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀ Radio Internet (22)
၉း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀ အစီအစဉ်ပြီး။

သတင်းစာကိုယ်စားလှယ် လျှောက်ထားနိုင်

The New Light Of Myanmar သတင်းစာဖတ် ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက်ထုတ်ဝေပေးသွားမည် ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ-

The New Light Of Myanmar သတင်းစာတိုက်

ဖုန်းအမှတ် ၀၁-၃၉၂၂၂၆

၀၁-၃၉၂၃၀၄ သို့ ဆက်သွယ်နိုင်ပါသည်။

ရွှေပြည်ဟိန်းစမ္မာဘောဂကျောင်းဆောင် ပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း ပါဝင်လှူဒါန်းနိုင်

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (လူ့စွမ်းအားမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးကော်မတီ) အသိပေးကြေညာချက်(၂/၂၀၁၀) ဒုတိယအကြိမ် ကျောက်မျက်ပညာအခြေခံသင်တန်း သင်တန်းသားများခေါ်ယူခြင်း

၁။ ဖော်ပြပါသင်တန်းသို့ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဝင်၊ အသင်းသားများ၊ ကျောက်မျက်ပညာ လေ့လာလိုက်စားသူများ တက်ရောက်နိုင်ပါသည်-

(က)	သင်တန်းအမည်	- ဒုတိယအကြိမ် (Gem Identification) သင်တန်း
(ခ)	သင်တန်းအဆင့်	- အခြေခံအဆင့် (Ordinary Level)
(ဂ)	ချီးမြှင့်မည့်လက်မှတ်	- Certificate of Competency
(ဃ)	ပညာအရည်အချင်း	- အခြေခံပညာအထက်တန်း
(င)	သင်တန်းစတင်ဖွင့်လှစ်မည့်နေ့	- ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့
(စ)	သင်တန်းကာလ	- ရက်သတ္တ (၈)ပတ်၊ နာရီ (၆၀)
(ဆ)	သင်တန်းချိန်	- တန်းခွဲ (က) နံနက် ၇း၃၀ နာရီမှ ၉း၃၀ နာရီ
(ဇ)	သင်တန်းပို့ချမည့်နေရာ	- ဆူးလေမိုးကုတ်တာဝါ (ဒုတိယထပ်) (အမှတ်- ၂၃၄၊ ဆူးလေဘုရားလမ်း၊ နေပြည်တော်ရုပ်ရှင်ရုံနှင့်ကပ်လျက်)
(ဈ)	လျှောက်လွှာလက်ခံမည့်နေရာ	- ဆူးလေမိုးကုတ်တာဝါ
(ည)	လျှောက်လွှာလက်ခံမည့်နေ့ရက်	- ၁၆-၇-၂၀၁၀ ရက်မှ ၃၀-၇-၂၀၁၀ ရက်ထိ

၂။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း- ၀၉-၈၆၁၁၂၈၅၊ ၀၁-၃၇၁၃၅၉)

ကျောက်မျက်ပညာသင်တန်းကော်မတီ

ချမ်းမြေ့မြိုင်ရိပ်သာကျောင်း (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

မင်္ဂလာဒုံမြို့နယ်၊ လေးဒေါင့်ကန်စံပြကျေးရွာ၊ ချမ်းမြေ့မြိုင်ရိပ်သာကျောင်း၌ (၁၃)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းလှူဒါန်းပွဲကို (၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၈)ရက် ၁၉-၇-၂၀၁၀ရက် (တနင်္လာနေ့) နံနက် ၉ နာရီ၌ ဦးတင်အောင်ဝင်း-ဒေါ်ကြည်ကြည်မြင့် (ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) မိသားစုတို့က မတည်၍ ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့က ဦးဆောင်လျက် ကျင်းပပြုလုပ်ကြမည်ဟု စေတနာရှင်တို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ **ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့**

မြေရောင်းမည်

ပြည်လမ်းမမျက်နှာစာတန်း ၃.၁၀ ဧက၊ ၂ ဧက

(၈၀' × ၆၀') ပွဲစားလိုသည်

မြောင်းတကာစံပြကျေးရွာ၊ အမှတ်(၁)ရပ်ကွက်၊ မှော်ဘီမြို့။

ဖုန်း - ၀၁-၆၂၀၅၂၃၊ ၆၂၀၁၇၆

ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း၂၀) မန္တလေးတိုင်းတရားရုံး ၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၉

ဦးဝင်းခင် နှင့် ၁။ ဒေါ်ရွှေရည်

၂။ ဦးဖုကွေ့

၃။ ဦးမျိုးသက်(ခ)မခေါ်နော်

၄။ဌာနမှူး(မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)

တရားလို **တရားပြိုင်များ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်အပိုင်း(၂)၊ ၆၁ × ၆၂ လမ်းအတွင်း၊ ၄၂ × ၄၃လမ်းကြားနေ ဦးဖုကွေ့၊ ဦးမျိုးသက်(ခ)မခေါ်နော် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းခင်က အချင်းဖြစ်မြေကွက်ကို လန/၃၉ ခွင့်ပြုမိန့်ဦးစွာရရှိထားသူ တရားလိုကသာ ဆက်လက်ပြီး လက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်ကိုယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၁၀ ခုနှစ် ဩဂုတ်လ ၂ ရက်(၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်ဌေး

တွဲဖက်တိုင်းတရားသူကြီး(၄)

မန္တလေးတိုင်းတရားရုံး

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်အနောက်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၆-အက်ဖ် ၆၊ မြေကွက်အမှတ်-၈၆၊ မြေအမျိုးအစား နှစ်(၆၀) မြေငှားဂရန်၊ ပေ(၂၇×၅၀) ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၉၈၊ ကမ်းနားလမ်း၊ သရက်တောတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အဟောင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်ညီမ၏ အမွေဆက်ခံခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လက်ရောက်ဝယ်ယူမည် ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူသည် ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ယဉ်ယဉ်နွယ်	**ဒေါ်ယုယုထွန်း**	**ဒေါ်အေးကြူ(M.A;R.L)**
LL.B,D.B.L,D.M.L	**LL.B,D.B.L,D.I.L**	**တရားရုံးချုပ်ရှေ့နေ**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**(စဉ်-၁၉၅၄)**
စဉ်-၂၅၈၃၀	**စဉ်-၂၅၈၂၉**	**၂၉၄/က၊ မင်းကြီးလမ်း၊**
ဖုန်း-၇၃၀၃၈၈၁၆	**ဖုန်း-၀၉ ၅၀၉၂၄၉၂**	**ရွာမအရှေ့၊**

အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၆၄၁၃၉၂၊ ၀၉ ၅၀၃၃၄၅၉

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၇၁)တွင် ဆောက်လုပ်ဆဲဖြစ်သော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အအုံ [ယခု(၂)လွှာအထိ Floor လောင်းပြီး]၏ ကန်ထရိုက်တာ ခံစားပိုင်ဆိုင်ခွင့်ရရှိသော (၅)လွှာ (ခေါင်းရင်းခန်း) ($၁၈\frac{၁}{၂}$ × ၆၅') အကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချခွင့်ရှိသူ ကန်ထရိုက်တာ ဦးမြင့်ကြည်[၁၂/စခန(နိုင်)၀၁၃၂၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ကြိုပို့ငွေစနစ်ဖြင့် ဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမိုးကျော်ဦး(LL.B)	**ဦးဖြိုးဇော်(LL.B)**	**ဦးနောင်နောင်(LL.B)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဉ်-၆၅၈၈)	**(စဉ်-၃၀၄၈၇)**	**(စဉ်-၃၀၁၃၂)**
ဖုန်း-၀၉-၅၁၄၉၆၃၆	**ဖုန်း-၀၉-၅၀၈၈၀၁၃**	

အခန်း-၅၊ အမှတ်-၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်-မမ/၁၇၆၄၀၊ အမျိုးအမည် Honda Dream ND 125 M အမျိုးအစား ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဦးအင်စွမ် မှတ်ပုံတင်အမှတ် [၆/ပလန(နိုင်)၀၃၅၈၀၁]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး၊ ထားဝယ်

ထီးချိုင့်ဈေးအတွင်း ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်

ထီးချိုင့် ဇူလိုင် ၁၆

ဇူလိုင် ၁၁ ရက်က ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်မြို့မဈေးအတွင်း၌ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးဘိုမင်း ဦးဆောင်သောအဖွဲ့ ဝန်ထမ်းများ ခြင်ဆေးဖျန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဦးကျော်ဇေယျဦး(ခ)ကျော်စွာထွန်း [၁၀/ကထန(နိုင်)၀၁၄၈၆၀] နှင့် သက်ဆိုင်သူများသိစေရန် သတိပေးတားမြစ်ခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ဇေယျာမွန်ရပ်ကွက်၊ ဇေယျာမွန်(၁)လမ်းနေ **ဦးစိန်ဖေဦး** [၁၀/ကထန(နိုင်)၀၁၄၈၅၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကွင်းအမှတ် (၂၀^လ-ဈေးကွက်)၊ ဦးပိုင်အမှတ်-၅၉/၆၀၊ မြေအမျိုးအစား(ဘိုးဘွားပိုင် G-3)၊ (၃/ခ ရပြီး)၊ မြေအကျယ် (၀. ၀၅၄ ဧက+၀. ၀၅၂) ဧကရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၂)ထပ်တိုက်သည် ဦးလှဖေပိုင်ခဲ့ပါသည်။ ဦးလှဖေက မြေးဖြစ်သူ ဦးကျော်ဇေယျဦးအား ဟန်ဆောင်မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်ပြုလုပ်ခဲ့သော်လည်း စာရွက်စာတမ်းများနှင့် ပစ္စည်းများကို ဦးလှဖေ၏ လက်ဝယ်၌ပင်ရှိခဲ့ပြီး ဦးလှဖေပင် ဆက်လက်ပိုင်ခဲ့ပါသည်။

၂။ ၁၉၉၀ ခုနှစ်တွင် မိခင် ဒေါ်လှသိန်းကွယ်လွန်ပြီး ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖခင် ဦးလှဖေကွယ်လွန်ခဲ့ပါသည်။ ဦးစိန်ဖေဦးသည် (Vested right)အရ ဦးလှဖေနှင့် ဒေါ်လှသိန်းတို့၏ အမွေဆက်ခံပိုင်ဆိုင်သော တစ်ဦးတည်းသောသားဖြစ်ပါသည်။

၃။ ထို့ကြောင့် အထက်ပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်အား ဦးစိန်ဖေဦး၏ သဘောမတူဘဲ မည်သူကမျှ ရောင်းချခြင်း၊ ပေါင်နှံ၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရန်ကိုလည်း ဦးကျော်ဇေယျဦး(ခ)ကျော်စွာထွန်းနှင့် သက်ဆိုင်သူ အများသိစေရန် ကြေညာသတိပေး တားမြစ်လိုက်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်မြင့်{B.A(Law),LL.B}	**ဒေါ်မွန်သီတာ {LL.B}**
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၁၁၈)	**အထက်တန်းရှေ့နေ (စဉ်-၂၇၈၅၄)**
အမှတ်-၉/၁၈၀၊ မေခလမ်းသွယ်၊	သ/၃၊ မြို့သစ်၊ ဇေယျဝတီမြို့၊
ရပ်ကွက်ကြီး(၂)၊ ဥဿာမြို့သစ်၊	ဖြူးမြို့နယ်။
ပဲခူးမြို့။ ဖုန်း- ၀၉ ၈၆၅၁၀၄၁	ဖုန်း- ၀၉ ၆၃၀၇၂၈၃

ဇွန် ၁၈ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် စစ်ဆေးရာ မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ဒုတိယဦးစီးမှူး(ဈေး) ဦးဆယ်မောင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သင့်သွေးဖြင့် အသက်ကယ်ပါ

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် သုံးဆယ်မြို့ဝင်ဆိုင်းဘုတ်တွင် ပန်းအလှပင်များဖြင့် မြေယာရှုခင်းအလှပြုပြင်ခြင်းနှင့် ပေါင်းမြက်များရှင်းလင်းနေမှုကို ဇူလိုင် ၂ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေး အထောက်အကူပြု မြို့မဈေးရေစင်အောက်ခြေ ရေမဝပ်စေရန် အုတ်ရိုးစီ၊ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းကြီးကြပ်စဉ်။

(သတင်းစဉ်)



Rose Hill Medical Centre

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ခ/၁၃၃၈ Chin Dwin La Ka bar Jeep ယာဉ်လက်ဝယ်ရှိသူအမည် ဦးမင်းလွင် မှတ်ပုံတင်အမှတ် [၇/ကငန(နိုင်)၀၉၂၇၁၁]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ အနောက်ပိုင်းခရိုင်ရုံး(သယ်္ဃန်းကျွန်းမြို့နယ်)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈(ရွှေပေါက်ကံ)၊ မြေကွက်အမှတ်-၂၂၃၊ အမည်ပေါက်မှာ King Way Enterprise Ltd ကုမ္ပဏီအမည်ပေါက်ဖြစ်ပါသည်။ ၎င်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းစိန်မှ အစည်းအဝေးမှတ်တမ်းတင်ပြ၍ ဂရန်အမည်ပြောင်း လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မူးယစ်
ကင်းစင်
အလှဆင်

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Pahtama Hteik Tan Production Co-Operative Ltd. လက်အောက်တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသဖြင့် လျှောက်ထားနိုင်သည်။

1. ကြီးကြပ်ရေးမှူး(ကုန်ထုတ်) (ဘွဲ့ရ) ကျား(၂)ဦး
   ကုန်ထုတ်လုပ်ရေးကျွမ်းကျင်မှုလက်မှတ်ရရှိပြီး
   အသက်(၃၀)နှစ်ခန့်ရှိသူဖြစ်ရမည်။
2. Business Executive (Sales & Marketing) ကျား/မ (၂)ဦး
   ရုပ်ရည်သန့်ပြန့်၍ အပြောကောင်းသူဖြစ်ရမည်။
   လစာကောင်းကောင်းပေးမည်။ [အသက်(၃၀-၄၀)နှစ်ဖြစ်ရမည်။]
3. လက်ထောက် စာရင်းကိုင်(Diploma In LCCI Level III) မ(၃)ဦး
   Computer ကျွမ်းကျင်ပြီး အိမ်ထောင်မရှိသူ ဦးစားပေးမည်။
4. လက်ထောက်(စက်မောင်း/ပြင်ထိန်း) ကျား(၅)ဦး
   A.G.T.I/B.Tech (E.P)
5. လက်ထောက်(စက်မောင်း/ပြင်ထိန်း) ကျား(၅)ဦး
   A.G.T.I/B.Tech (Mechanical)
6. ရောင်းမောင်း (Sales Driver) ဘွဲ့ရ ကျား(၅)ဦး
   (၃)တန်ယာဉ်မောင်းနိုင်သူဖြစ်ရမည်။
   [အသက်(၃၀)နှစ်ထက်မကျော်ရ။]
7. အရောင်းတာဝန်ခံ (Sales Promoter) ဘွဲ့ရ မ(၅)ဦး
   လုပ်သက်ရှိပြီး အိမ်ထောင်မရှိသူဖြစ်ရမည်။
   [အသက်(၃၀)နှစ်ထက်မကျော်ရ။]
8. ယာဉ်မောင်း(Driver) အသက်(၄၅)နှစ်ထက်မကျော်ရ။ ကျား(၂)ဦး
9. ယာဉ်မောင်း (Driver) အသက်(၄၅)နှစ်ထက်မကျော်ရ။ ကျား(၂)ဦး
   လိုင်စင်အနီရှိသူဖြစ်ပြီး (၁၀)တန်ကားမောင်းနိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၄)နှင့်(၅)အတွက် လှိုင်သာယာစက်မှုဇုန်(သို့) ရွှေပြည်သာစက်မှုဇုန်တွင် နေထိုင်နိုင်သူ ဦးစားပေးမည်။

လျှောက်ထားသူသည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့်အတူကြော်ငြာပါပြီး(၁၀)ရက်အတွင်းအောက်ပါလိပ်စာတွင် ပုံစံဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

Pahtama Hteik Tan Production Co-Operative Ltd.
အမှတ် ၄၇/၄၈၊ ဗဟိုစည်အိမ်ရာ၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

၉-၆-၂၀၁၀ ရက်ကြေးမုံသတင်းစာပါ ဦးဇော်လင်းသိန်း(ခ)ဦးအောင်ကျော်၏ ကြော်ငြာချက်ပါ ကိစ္စနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ သယ်္ဃန်းကျွန်းမြို့နယ်၊(၈)ရပ်ကွက်၊ ဗိုလ်တေဇ(၄)လမ်း၊ အမှတ်(၉)တွင် နေထိုင်သူ ဒေါ်မြင့်အေး[၁၂/သဃက(နိုင်)၁၂၉၃၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ဒေါ်မြင့်အေးသည် အထက်ပါ လိပ်စာရှိ အိမ်နှင့်ခြံတွင် ၁၉၇၀ ခုနှစ်မှစ၍ ယနေ့အထိနှစ်ပေါင်း(၄၀)တိုင်တိုင်တစ်ဆက်တည်း လက်ရှိနေထိုင်လျက်ရှိသည့်အပြင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများလည်း လက်ဝယ်တွင်ရှိပါသည်။ ထို့ကြောင့် ဦးဇော်လင်းသိန်း(ခ) ဦးအောင်ကျော်၏ ကြေးမုံသတင်းစာပါ ကြေညာချက်အကြောင်းအရာများသည် မှန်ကန်ခြင်းမရှိပါ။ ဒေါ်မြင့်အေးသည် အိမ်နှင့်ခြံကိုဂုင်းတစ်ဦးတည်းသာ လက်ရှိပိုင်ဆိုင်နေထိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်အေး၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနောင်နောင် (LL.B) — **အထက်တန်းရှေ့နေ(စဉ်-၃၀၁၃၂)**

ဦးဖြိုးဇော် — **အထက်တန်းရှေ့နေ(စဉ်-၃၀၄၈၇)**

အမှတ်-၅၅၊ အခန်း-၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၈၈၀၁၃

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်စိန် (၈၈)နှစ်

ဦးနီ(MD, Shwe Mi Industrial Co., Ltd.)-ဒေါ်အေးအေးသန်း(GM, Poly Gold Co., Ltd.)တို့၏ ဦးလေး ဦးခင်မောင်စိန်သည် ၁၃-၇-၂၀၁၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Mr. Lim Jong Youn နှင့်
Mi Won Shwe Thazin Co., Ltd. ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်အေးဝင်း [ပါမောက္ခ(ငြိမ်း)- YTU]၏ခင်ပွန်း ဦးမြင့်ကြည် B.E (Mining)-1969 အသက် (၆၆)နှစ်သည် ၉-၇-၂၀၁၀ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဝမ်းနည်းကြေကွဲခြင်း

တရားရေး၊ ဦးစီးအရာရှိ(ငြိမ်း) ဦးထွန်းငွေ (၇၃)နှစ်သည် ၁၁-၇-၂၀၁၀ ရက်က ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ကြေကွဲဝမ်းနည်းရပါကြောင်း။

အောင်ဆန်း(၉) သင်တန်းသူ/သားများ

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီ E.M.I မာဟာမာတ်အိစ္စမိုင်(ခ)ဦးလှမောင်
အသက်(၅၂)နှစ်
Iberchem ရေမွှေး၊ ကုန်စျေးတန်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗညားဒလလမ်းမကြီး၊ အမှတ်(၉၅-D)နေ (အာလ်ဟဂ််ဟာဂျီ EM မိုဟာမတ်အစ္စဟာတ်-အာလ်ဟဂျ် ဟာဂျီမ မိုမီနာဘီ၊ လကြယ်အမွှေးတိုင်)တို့၏ သား၊ ဟာဂျီမ ယာစ်မင်း(ခ)ဒေါ်ကြူကြူအေး၏ ခင်ပွန်း၊ ဦးကိုကိုဦး၊ ဦးကျော်ကျော်ဦး၊ ဦးရဲလင်းထွန်း၊ မောင်ရဲမင်းထွန်း၊ မောင်အောင်ထွန်းလင်းတို့၏ ဖခင်သည် ၁၁-၇-၂၀၁၀(တနင်္ဂနွေနေ့) ည ၉း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁၂-၇-၂၀၁၀(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးသူရ (ခ) ဦးအေးငွေ
အသက်(၅၂)နှစ်
ကြီးကြပ်ရေးမှူး(ငြိမ်း)မြို့ပြ၊ မြေယာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့နေ ဒေါ်နိုင်နိုင်ကြည်၏ခင်ပွန်း ဦးသူရ (ခ) ဦးအေးငွေသည် ၂၅-၆-၂၀၁၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးကျော်လှ(ခိုင်ကျော်ထွေး၊ စစ်တွေ)
ဦးစီးအရာရှိ(ငြိမ်း)
ဒေါ်ပုံ သ/မဦးစီးဌာန

ကျေးဇူးရှင်ဖခင်ကြီး မမျှော်လင့်ဘဲ ချစ်တဲ့မိသားစုနှင့် ခွဲခွာသွားသည်မှာ ၁၇-၇-၂၀၁၀ ရက်တွင် တစ်နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်အချိန်တိုင်း၊ နှမြောတသလွမ်းဆွတ်သတိရနေဆဲပါ။

ပါပါအတွက် ရည်စူးကာ နေ့စဉ်၊ လစဉ်နှင့် ယနေ့ပြုလုပ်ပေးပါသော ကုသိုလ်ကောင်းမှုအစုစုတို့အတွက် မြင့်မြတ်အေးချမ်းသော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ပါပါရေ အမျှ--အမျှ--အမျှ

ချစ်ဇနီး - ဒေါ်ခင်ခင်ဌေး
ချစ်သားကြီး - ကျော်ကျော်ဌေး(မာစတာဇီဝ)
ချစ်သမီးကြီး - ခင်စန္ဒာကျော်
ချစ်သမီးငယ် - ခင်သန္တာကျော်

(၁)နှစ်ပြည့်အလွမ်း

(၃)နှစ်ပြည့်လွမ်းဆွတ်တမ်းတခြင်း
မောင်ဒီပါကျော်စိုး(ခ)သားကြီး(၁၉)နှစ်
ကျောက်ဖြူ၊ စစ်တွေ၊ (စစ်တွေနည်းပညာတက္ကသိုလ်)
B.Tech (First Year)Mech.Power

ပြောဆိုသမျှ နာခံတတ်ပြီး ဒေါသမရှိ စိတ်ထားဖြူစင်အေးချမ်းတဲ့သားကြီး။ မိသားစုနဲ့မမျှော်လင့်ဘဲခွဲခွာသွားခဲ့တာ ၁၇-၇-၂၀၁၀ ရက်မှာ (၃)နှစ်ပြည့်သွားပါပြီ။ တစ်နေ့မှမမေ့မရနိုင်ပါ။ ရှိစဉ်တုန်းကလည်း မိသားစုနဲ့ခွဲခွာနေရတာတွေးမိရင်း အမြဲကြေကွဲစွာခံစားရတယ်။ မိသားစုမှလှူဒါန်းခဲ့သမျှသော ကုသိုလ်ကောင်းမှုများကို သားကြီးရရှိခံစားနိုင်ပါစေ။

ကျန်ရစ်သူမိသားစု

IELTS Foundation Course
Teacher Tin Win Aye@Helen
SAT,SUN/2:30-5:00, 3MONTHS
7 students only!
18th JULY

ငါးသယံဇာတ ထိန်းသိမ်းရေး မြေစိုက်ပိုစတာများ ဖြူး၊ အုတ်တွင်းနှင့် ကျောက်ကြီးမြို့နယ်များ၌ စိုက်ထူ

ရန်ကုန် ဇူလိုင် ၁၆

ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ပဲခူးတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ဦးဆောင်မှု တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတထိန်းသိမ်းရေးအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ဇွန် ၁ ရက်တွင် ကျောက်ကြီးမြို့နယ်၊ ဇွန် ၂၅ ရက်တွင် အုတ်တွင်းမြို့နယ်နှင့် ဇွန် ၃၀ ရက်တွင် ဖြူးမြို့နယ်တို့၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဖြူးမြို့နယ် ဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကျေးရွာဥက္ကဋ္ဌများ၊ ရေလုပ်ငန်းရှင်များ၊ အင်းသားကြီးများနှင့် ကျေးလက်နေပြည်သူများ တက်ရောက်ကြသည်။

(အပေါ်ပုံ) (ဖြူးမြို့နယ်ငါးလုပ်ငန်း)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်သန်းသန်းထွေးနှင့်အဖွဲ့ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လွတ်လပ်ရေးပန်းခြံအတွင်း မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုနှင့် ပန်းအလှပင်များ ဖူးပွင့်ဝေဆာစွာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကျော် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တောင်ပေါ်မြေပြန့်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအချင်းချင်း အစွမ်းရှည်စွာ ချစ်ကြည်ရင်းနှီးစေမည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ဆောက်လုပ်ရေးနှင့် မိုးမြင့်လှိုင်

အဆင်အပြင် - ခင်မျိုးနိုင်

မိုးလတစ်လ၏တစ်နေ့.....၊ ဇူလိုင်မိုးက ခပ်ဖွဲဖွဲကလေး ရွာချနေသည်။ ဟိုး...အရှေ့ဝေးဝေးကို လှမ်းကြည့်လိုက်တော့ တောင်တန်းကြီးများကို ညို့ညို့မှိုင်းမှိုင်းဖြင့် တွေ့ရသည်က သာမော ဖွယ်ရာ...။ စီးလာသောကားကလေးပေါ်မှ ဝဲယာနံဘေးကို တစ်လှည့်စီ ကြည့်လိုက်ပြန်တော့လည်း မြရောင်လွှမ်းနေသည့် လယ်ကွင်းနှင့် ယာခင်းများက ရိပ်ခနဲရိပ်ခနဲ ကျန်ရစ်ခဲ့သည်။

၂၀၁၀ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့)အပိုင်း အဆင့်မြင့်ကတ္တရာလမ်းဖွင့်ပွဲ အကြိုနေ့ကဖြစ်သည်။ နေပြည်တော်လေဆိပ်မှ စာရေးသူတို့ကိုတင်ဆောင်လာသော ကားကလေးသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၇၁/၄)မှ ခွဲထွက်၍ အရှေ့ဘက်ရှမ်းရိုးမဆီသို့ ဦးတည်မောင်းနှင်နေသည်။ သွားခဲ့သည့်အကြောင်းရင်းကား နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့)အပိုင်း မိုင် ၂၀ သုံးဖာလုံ အဆင့်မြင့်ကတ္တရာလမ်းဖွင့်ပွဲမတိုင်မီ အဆိုပါလမ်းအား လေ့လာနိုင်ရန် လမ်းအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော် စီစဉ်ပေးမှုဖြင့် အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ ဦးသန်းအေး မောင်းနှင်သည့် ကားကလေးဖြင့် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ ကင်းသာမှ စထွက်ခဲ့ပြီး လုံးထိုလက်ဆွဲ၊ ဇဒင် စသည့် ရှမ်းရွာကလေးများကိုဖြတ်၍ ကိုးကွေ့သို့ ရောက်သည်။ လမ်းအထူးအဖွဲ့ (၁၃)မှ အင်ဂျင်နီယာမှူး ဦးမြင့်ဦးက ကြိုဆို၍ ကြိုရောက်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အင်ဂျင်နီယာမှူးကြီး ဦးကျော်ရှိန်းနှင့် မိတ်ဆက်ပေးသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ အင်ဂျင်နီယာမှူးကြီး၏ ဖိတ်ခေါ်ချက်အရ စာရေးသူတို့အဖွဲ့သည် ကိုးကွေ့မှ ပင်လောင်းဘက်သို့ ခရီးဆက်ထွက်ခဲ့ကြပြန်သည်။

"လှလိုက်သည့်မြင်ကွင်း"စာရေးသူသည် သတင်းသမားတစ်ဦးဖြစ်၍ ခရီးများများသွားဖူးပါသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆**

နေပြည်တော်ပျဉ်းမနား-ပင်လောင်းကတ္တရာလမ်း (ကင်းသာ-ကိုးကွေ့အပိုင်း) လမ်းပိုင်းတစ်နေရာကို ဤသို့တွေ့ရသည်။